ISSUE BRIEF | COVID-19 | June 2020

# “အကျပ်အတည်းကို အလကားမဖြစ်စေနဲ့”

## ကိုဗစ်-၁၉ ကပ်ဘေး နှင့် စားနပ်ရိက္ခာအုပ်စိုးစီမံရေး အခွင့်အလမ်း


ဝယ်လ်ဒန်ဘယ်လို



စာရေးသူ- ဝယ်လ်ဒန်ဘယ်လို
တည်းဖြတ်သူ- ကိတ်တီ ဆန်းဝဲ (TNI)
ဒီဇိုင်း- ဘာ့စ် ကိုးနီဂရက်

Transnational Institute (TNI)၊ မေတ္တာ၊ ပေါင်းကူးနှင့် ဒို့မြေကွန်ရက်တို့က ၂၀၂၀ ဇွန်လတွင် ထုတ်ဝေသည်။

* ဝယ်လ်ဒန်ဘယ်လိုသည် Transnational Institute ၏ မိတ်ဖက်တစ်ဦးဖြစ်သည်။ သူသည် ဘင်ဟမ်တန်ရှိ နယူးယောက်ပြည်နယ်တက္ကသိုလ် လူမှုဗေဒဌာနတွင် ပါမောက္ခအဖြစ် အချိန်ပိုင်းတာဝန် ယူထားပြီး ဘန်ကောက်အခြေစိုက် Focus on the Global South အဖွဲ့မှ ဦးဆောင် လေ့လာသုံးသပ်သူ ပညာရှင်တစ်ဦးလည်း ဖြစ်သည်။ စာအုပ်ပေါင်း ၂၅ အုပ်ကိုရေးသားခဲ့ပြီး ၂၀၀၃ခုနှစ်တွင် Alternative Nobel Prize ဟု ခေါ်ကြသော Right Livelihood Award ကို ရရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လေ့လာရေး ဘာသာရပ်အဖွဲ့က International Studies Association က သူ့ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ပြည်သူ့ ဘက်တော်သားပညာရှင်အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်တွင် ၂၀၀၉ မှ ၂၀၁၅ ခုနှစ်အတွင်း ပါလီမန်၏အမတ် ဖြစ်ခဲ့ပြီး လွှတ်တော်၏ ပြည်ပရောက် ဖိလစ်ပိုင်လုပ်သားများအရေး ကော်မတီတွင် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။



ကပ်ဘေးအပြီး ကမ္ဘာကြီးတွင် မည်ကဲ့သို့သောအနာဂတ်မျိုးကို မျှော်လင့်နိုင်မည်နည်းဟု ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြခြင်းများပေါ်လာအောင် ကိုဗစ်၁၉က နှိုးဆွပေးပါသည်။ စီးပွားရေးနယ်ပယ်တွင် စိုးမိုးနေသော အငြင်းအခုံ တစ်ခုမှာ ကမ္ဘာ့စားနပ်ရိက္ခာစနစ်နှင့် သက်ဆိုင်သည်။ ကပ်ဘေးကြောင့် ကော်ပိုရိတ်တို့ လွှမ်းမိုးထားသော ကမ္ဘာ့စားနပ်ရိက္ခာစနစ်ကြီး၏ ထိလွယ်ရှလွယ်ရှိပုံများ ထင်ရှားလာပြီး စားနပ်ရိက္ခာ နှင့်စိုက်ပျိုးရေးအဖွဲ့ကြီးFAOနှင့် မဟာမိတ် အေဂျင်စီ များက မြင်နေကြသကဲ့သို့ ထိုကော်ပိုရိတ်ကြီးစိုးသော စနစ်မှာ အဖြေမဟုတ်ကြောင်း ယခု စာတမ်းတွင် ထောက်ပြထားပါသည်။ ငတ်မွတ်မှုများနှင့် အာဟာရချို့တဲ့မှုများ ကျယ်ပြန့်စွာ မဖြစ်ပေါ်စေရေး အလို့ငှာ လောလော ဆယ်တွင် ကမ္ဘာ့ စားနပ်ရိက္ခာ ကုန်သွယ်ရေး လမ်းကြောင်းများအား ပိတ်ဆို့နှောင့်ယှက်မှုများမဖြစ်အောင် တားဆီးရေးမှာ အရေးကြီးနေသော်လည်း ရေရှည်အတွက်ကိုမူ ပြင်ပစားနပ်ရိက္ခာမမှီခိုရစေရေး၊ စားနပ်ရိက္ခာ အုပ်စိုးစီမံရေးတို့ဆီသို့ ရောက်ရှိနိုင်အောင် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်ကြီးကို မဟာဗျူဟာကျကျ ပြုပြင်ပြောင်းလဲရန် လိုအပ် နေပြီဖြစ်သည်။ ထိုသို့ ပြုပြင်ပြောင်းလဲကြရာတွင် ကမ္ဘာ့အရင်းရှင် စီးပွားရေးက မွေးထုတ်လိုက်သည့် လူတန်းစား မညီမျှမှု၊ ပဋိပက္ခများ ဖြစ်ပွားမှု၊ ဂေဟစနစ်မတည်ငြိမ်ယိုယွင်းမှု၊ ဖွံ့ဖြိုးရေး အဟက္ကာခြားမှုများကို ဖြေရှင်းရန် ဦးတည်သည့် တိုးတက်သည့် အတွေးအမြင်သစ်များကို အခြေခံဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

## အကျပ်အတည်းမှ အခွင့်အလမ်းသို့

ကိုဗစ် ၁၉ ကြောင့် ဖြစ်လာသော အကျပ်အတည်း ကြားထဲတွင် တွေးမြင်ပုံ ၃ မျိုး ထွက်ပေါ်လာသည်။ ပထမ တစ်ခုမှာ အရေးပေါ် အခြေအနေဖြစ်သောကြောင့် ခါတိုင်းနှင့်မတူသော လုပ်ပုံကိုင်ပုံများ ကြုံနေရသော်လည်း လက်ရှိ ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှုများသည် ကမ္ဘာကို ထိခိုက်စေသည့် အနေအထားတွင် မရှိသောကြောင့် တစ်ချိန်တွင် ယခင်ကဲ့သို့ ပိုနေမြဲ ကျားနေမြဲ အခြေအနေသို့ ပြန်ရောက်သွားမည်ဖြစ်သည်။ ပြဿနာမှာ မည်သည့် အချိန်တွင် ပြန်သွားကြမည်နည်းဟု ဆုံးဖြတ်ကြရခြင်းသာ ဖြစ်သည်ဟူသော အတွေးဖြစ်သည်။ ထိုအတွေးမှာ အစိုးရများနှင့် စီးပွားရေး အီလစ်များကြား ကြီးစိုးနေသော အတွေးဟု ဆိုကောင်းဆိုနိုင်ပါသည်။ စီးပွားရေးနယ်တွင် ကျော်ကြားသော Goldman Sachs က မတ်လလယ်တွင် စီစဉ်သည့် တယ်လီကွန်ဖရင့်ဟောပြောပွဲတစ်ခုတွင် ပါဝင်ခဲ့သူများ၏ သုံးသပ်ချက်တွင် ဤအမြင်မျိုးကို ကြားရနိုင်သည်။ ထိုသူတို့ထဲတွင် စတော့ဈေးကွက် မှ အညွှန်းကိန်းများကို ကြည့်လျက် ယခုကပ်ဘေးတွင် အန္တရာယ် ကြီးကြီးမားမား ရှိကြောင်းမပြောကြပါ။ အန္တရာယ်အကြောင်းကိုပင် မည်သူမျှ မပြောကြပါ။ အစိုးရသည် ဈေးကွက် တည်ငြိမ်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက် နေကြပြီး ပုဂ္ဂလိက ဘဏ်လုပ်ငန်းများကလည်း ငွေများအားဖြည့်လည်ပတ်နေကြသည်ဟု ကောက်ချက်ဆွဲခဲ့ ကြသည်။ ကိုဗစ်-၁၉ မှာ ၂၀၀၈ စီးပွားရေးအကျပ်အတည်းထက်စာလျှင် စက်တင်ဘာ ၁၁ (9/11)နှင့်သာပိုတူသည်ဟု ထင်ပုံရသည်။

ဒုတိယ အယူအမြင်မှာ ဤကာလကြီးသည် “new normal” ခေါ် အမြဲဖြစ်သွားတော့မည့် အခြေအနေသစ်တစ်ရပ်ထဲသို့ ရောက်ရှိနေပြီဟု တွက်ဆခြင်းဖြစ်သည်။ ထိုအမြင်တွင်လည်း ကမ္ဘာ့စီးပွားရေးစနစ်ကို ပြဿနာရှိနေသည်ဟု မထင်ကြပါ။ အချို့ နေရာများတွင် အပြောင်းအလဲလုပ်လိုက်လျှင်လည်းကောင်း၊ လုပ်ငန်းခွင်များတွင် လူတစ်ဦးနှင့်အတူ နေရာခွာ၍နေနိုင်ရန် အစီအစဉ်များ လုပ်ပေးလိုက်လျှင် အဆင်ပြေသွားမည်ဟု တွေးသူများဖြစ်သည်။

တတိယအုပ်စုကမူ လက်ရှိစီးပွားရေးနှင့် နိုင်ငံရေး မညီမျှမှုများ နက်ရှိုင်းစွာ ဖြစ်ပေါ်နေသော စနစ်ကြီး၊ ဂေဟစနစ်ကို ယိုယွင်းလှုပ်ရှားနေသော စနစ်ကြီးကိုပြင်ဆင်ရန် ကိုဗစ်-၁၉ ကို အခွင့်အရေးအဖြစ် မှတ်ယူသော အုပ်စုဖြစ်သည်။ ပေါ်လာသော အခြေအနေသစ်နှင့် အဆင်ပြေအောင်နေထိုင်လိုက်ရုံနှင့် မပြီးဘဲ စနစ်သစ်ကို ဖန်တီးရန်ဖြစ်သည်။ ဖွံ့ဖြိုးပြီး မြောက်ကမ္ဘာ ခြမ်းတွင်မူ ပြုပြင်ပြောင်းလဲမှုကို “ Green New Deal” ခေါ် ရာသီဥတုပြောင်းလဲခြင်းနှင့် မညီမျှမှုများကို ဖြေရှင်းရန် အစိုးရက ချမှတ်သော အစီအစဉ်များ ဖော်ထုတ်လိုက်လျှင် ကိစ္စပြတ်ပြီဟု ယူဆတတ်ကြသည်။ ဖွံ့ဖြိုးဆဲ ကမ္ဘာ့တောင်ခြမ်းတွင်မူ ကပ်ဘေးကြောင့် ပေါ်လာသော အခွင့်အရေးတစ်ရပ်မှာ နက်ရှိုင်းစွာ အမြစ်တွယ် နေသော စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေး မညီမျှမှုများကို ဖြေရှင်းရန် ဖြစ်ကြောင်း စဉ်းစားနေကြသည်။ ဖိလစ်ပိုင်မှ Laban ng Masa ပြည်သူ့ညွန့်ပေါင်းအဖွဲ့မှ ထုတ်သော ကိုဗစ် ၁၉ အလွန် ဆိုရှယ်လစ် ကြေညာစာတမ်းသည် ထိုတတိယ အုပ်စုထဲမှ တစ်ခုဖြစ်သည်။ ၎င်းတို့၏ ကြေညာချက်မှာ- “ကမ္ဘာကို ကြီးစိုးချုပ်ကိုင်ထားသူများက ဤအရေးအခင်း ကြီးကို ကသောင်းကနင်း နိုင်လှစွာ တုံ့ပြန်နေပုံများကို ကြည့်လျှင် ယခင်ရှိခဲ့သော ကမ္ဘာ၏ ဖွဲ့စည်းပုံမှာ အလုပ်မဖြစ်တော့ကြောင်း၊ ဗိုလ်ကျစိုးမိုးနေသော လူတန်းစားများသည် လူ့အဖွဲ့အစည်းကို နည်းဟောင်းများအတိုင်း အုပ်ချုပ်၍ မရနိုင်ကြောင်းကို သံသယဖြစ်စရာ မရှိတော့ပြီ။ ကိုဗစ် ၁၉ ကြောင့် ဖြစ်လာခဲ့သော ဖရိုဖရဲဖြစ်မှုများ၊ မရေရာမှုများနှင့် ကြောက်ရွံ့မှုများသည် စိတ်ဓါတ်ကျစရာ၊ စိတ်ပျက်ငြီးငွေ့စရာများ ဖြစ်သော်လည်း တစ်ဖက်တွင် လူ့အဖွဲ့အစည်းကို စုစည်းရန်၊ ပြင်ဆင်ရန် နှင့် လက်ရှိ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြဿနာများကို ဖြေရှင်းရန် အခွင့်အရေးသစ်များနှင့် စိန်ခေါ်မှုအသစ်များကိုလည်း ပြည်သူ့အတွက် ဖန်တီးပေးလာပါသည်။ ဆိုရှယ်လစ် တစ်ဦးဖြစ်သော အဲဘတ်အိုင်း စတိုင်းက ပြဿနာကို ဖြစ်စေခဲ့သော အတွေးအကြံမျိုးဖြင့် ပြဿနာကို ဖြေရှင်း၍ မရနိုင်ဟု ဆိုခဲ့သည်မဟုတ်ပါလား။”

ထိုတတိယအုပ်စုက အဆိုပြုထားသကဲ့သို့ပင် ကိုဗစ် ၁၉ အကျပ်အတည်းမှာ ကမ္ဘာ့စားနပ်ရိက္ခာစနစ်ကြီးထဲတွင် ဖြစ်ပျက်နေသော ပြဿနာအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရန် အခါကောင်းအဖြစ် တင်ပြလိုပေသည်။ TNI က ဧပြီလ ၂ ရက်နေ့ ၂၀၂၀ တွင် ကျင်းပခဲ့သော webinar ကောင်းကင် စကားဝိုင်းတစ်ခုတွင် ဂျဝါဟာလာ နေရူးတက္ကသိုလ်မှ ထင်ရှားသော စီးပွားရေးပညာရှင် တစ်ဦးဖြစ်သူ ဂျယာတီဂိုရှ်က ကမ္ဘာ့စီးပွားရေးကို ကိုဗစ် ၁၉ က ထိခိုက်ပုံကို ကျစ်လစ်လှပစွာ ရှင်းလင်းသွားသည့်အထဲတွင်ပါသည့်အတိုင်းပင် လက်ရှိအရေးအခင်းသည် လူတို့ကို နေထိုင်ပုံ၊ ထုတ်လုပ်ပုံ၊ စားသုံးပုံများ အချိန်မနှောင်းမီ ပြင်ဆင်ရန်လိုအပ်နေပြီဖြစ်ကြောင်း အသိပေးစေသည်။ (အထူးသဖြင့် အစားအစာ ထုတ်လုပ်သော စက်မှုလုပ်ငန်းကြီးများသည် တစ်နေရာတွင် ထွက်ရှိသော ကုန်ကို ဝေးလံသော နောက်တစ်နေရာသို့ ပို့ကာ ကုန်ချောထုတ်ပြီးမှ မူလနေရာတွင် ပြန်လည်ရောင်းချ ခြင်းမျိုးကို အားပေးသော) နိုင်ငံဖြတ်ကျော် အစားအသောက်လုပ်ငန်းကြီးများ၏ ကြောင်းကျိုး မဆီလျော်သည့် စားနပ်ရိက္ခာ ကွင်းဆက်လည်ပတ်ပုံများကို ဆန်းစစ်ကြတော့မည် ဖြစ်သလို နောင်တွင် ၄င်းတို့၏ အရေးပါမှုလည်း နည်းလာနိုင်သည်။

ပါမောက္ခဂိုရှ် ပြောသလိုပင် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်ရောင်းချမှု ကွင်းဆက်ကြီးသည် အကျိုးသင့်အကြောင်းသင့် လည်ပတ်နေသည်မဟုတ်ပါ။ ထိုစနစ်ကို မေးခွန်းထုတ်ခဲ့ကြသလို ထပ်ဆင့်လည်း ထုတ်နေကြပါဦးမည်။ သို့ရာတွင် ထိုစားနပ်ရိက္ခာစနစ်ကြီးကို မောင်းနှင်နေကြသူများသည် ကိုဗစ်ကဲ့သို့ ရောဂါ အန္တရာယ်ဘေးနှင့် ကြုံပြီး စိတ်ပျက်စရာများ ဖြစ်ပေါ်နေသည့်တိုင်အောင် ၄င်းတို့၏ မှားယွင်းမှုများကို ပြင်ကြပါတော့မည်ဟု အာမမခံနိုင်ပါ။

“ကမ္ဘာတစ်လွှားတွင် ရှိသော လူသားသန်းပေါင်းများစွာသည် စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် နိုင်ငံတကာ ကုန်သွယ်ရေးကို အားကိုးနေကြရပါသည်။ ကိုဗစ် ၁၉ ကပ်ဘေး ကျယ်ပြန့်ဆိုးရွားလာခြင်းကို တားဆီးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံအသီးသီးက တုံ့ပြန်ရေးအစီအမံများချမှတ်သောအခါတွင် စားနပ်ရိက္ခာ ထောက်ပံ့ရေး လမ်းကြောင်းများပေါ် ကျရောက်မည့်အကျိုးဆက်များ၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ရိက္ခာဖူလုံရေးအပေါ် မရည်ရွယ်ဘဲ ကျရောက်နိုင်သည့် ဆိုးကျိုးများကို အလေးထား စဉ်းစားကြစေလိုပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် သာယာဝပြောရေး အတွက် အကာအကွယ်ပေးရေး အစီအမံများ ဆောင်ရွက် သောအခါတွင် စားနပ်ရိက္ခာလုပ်ငန်း ကွင်းဆက်များကို မထိခိုက်စေသင့်ပါ။ ဥပမာ- စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်ရေး လုပ်ငန်းများမှ လုပ်သားများ၏ သွားလာမှုကို ထိန်းချုပ်ခြင်း၊ စားနပ်ရိက္ခာ ကွန်တိန်နာကားများ နယ်စပ်ဖြတ်ကျော်မှုကို တားမြစ်ခြင်းတို့မှာ စားနပ်ရိက္ခာ ထုတ်လုပ်မှု ကွင်းဆက်ကို အနှောင့်အယှက် ဖြစ်စေသည့် နမူနာများဖြစ်ပါသည်။ ထိုသို့ဖြစ်လာလျှင် အစားအသောက်များ ပုပ်သိုးကုန်သောကြောင့် လွှင့်ပစ်ရခြင်း၊ အလဟဿဖြစ်ရခြင်းများကို ကြုံရပါလိမ့်မည်။ စားနပ်ရိက္ခာကို ရောင်းဝယ်သည့် ကုန်သွယ်ရေးစည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်ရာတွင်လည်း အကျိုးအကြောင်း မဆီလျော်သော သန့်ရှင်းမှုဆိုင်ရာ စံနှုန်းများ သတ်မှတ်လာနိုင်သည်။ ထိုကဲ့သို့ ချုပ်ချယ်မှုမျိုး ဖြစ်လာခဲ့သည်ရှိသော် စားနပ်ရိက္ခာမဖူလုံဆုံး ခံနိုင်ရည်မရှိဆုံး သူများကို ပို၍ထိခိုက်စေပါလိမ့်မည်။

အစားသောက်ရရှိနိုင်ရန် မသေချာတော့လျှင် မိမိတို့ထံမှ ကုန်များကို ပြည်ပသို့ မရောင်းချရန် တားမြစ်ခြင်းများကိုနေရာအသီးသီး၌ ဆောင်ရွက်လာနိုင်ကြပြီး၊ ကမ္ဘာ့ဈေးကွက်တွင် ပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုအခါ ဈေးကွက်ဝယ်လိုအားနှင့် ရောင်းလိုအားမျှချေကို အခြေပျက်စေမည်ဖြစ်ပြီး အဆမတန် ဈေးတက်ခြင်းနှင့် ဈေးနှုန်းမတည်ငြိမ်ခြင်းများ ဖြစ်လာနိုင်ပါသည်။ ယခင်ဖြစ်ရပ်များမှ သင်ခန်းစာများအရ ထိုလုပ်ရပ်မျိုးသည် ဝင်ငွေနိမ့်ပြီး စားနပ်ရိက္ခာ လိုအပ်မှုရှိသော နိုင်ငံများကိုသာပို၍ အထိနာစေပြီး လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးရသည့် အဖွဲ့အစည်းများ၏ စားနပ်ရိက္ခာဝယ်ယူရေးကို အခက်အခဲ တွေ့စေတတ်သည်။

## အယူအမြင် ထောင်ချောက်မိနေခြင်း

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် အခြားအပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများက မကြာသေးခင်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်များကို ကြည့်လျှင် ၄င်းတို့သည် ကျဆုံးနေသော အယူအမြင် ထောင်ချောက်ထဲတွင် ဆက်လက် ပိတ်မိနေကြဦးမည်ကို ပြနေသည်။ ကိုဗစ် ၁၉ သည် ကမ္ဘာကို ခြိမ်းခြောက်နေပြီး ထိလွယ်ခိုက်လွယ်အဖြစ်ဆုံးဒေသဖြစ်သော အရှေ့တောင်အာရှနှင့် အာဖရိကနိုင်ငံများအား ပို၍ အထိနာစေတော့မည်ဟု ကျန်းမာရေးပညာရှင်များက ယူဆနေချိန်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် FAO တို့က မတ်လ ၃၁ ရက်နေ့တွင် အောက်ပါ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉မှာ လက်ရှိအချိန်ထိ စားနပ်ရိက္ခာထုတ်လုပ်မှု ကွင်းဆက်ကို ထိခိုက်မှုမှာ အနည်းအကျဉ်းသာရှိပြီး စားနပ်ရိက္ခာရရှိနိုင်မှုမှာ လုံလောက်ကာ ဈေးကွက်မှာလည်း အထိုက်အလျောက် တည်ငြိမ်နေသေးသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။ ကမ္ဘာ့နှံစားသီးနှံ သိုလှောင်ထားနိုင်မှုသည် လုံလောက်သည့် ပမာဏထက်ပင် ကျော်လွန်ပြီး ဂျုံနှင့် အခြား အခြေခံစားကုန်ရိက္ခာ အမျိုးအစားများသည်လည်း ၂၀၂၀ အကုန်အထိ ပူစရာ မရှိဟု ၄င်းက ပြောကြားခဲ့ပါသေးသည်။

“ဒါပေမယ့် စားနပ်ရိက္ခာ ကွင်းဆက်ကို ထိလာနိုင်တဲ့ ကန့်သတ်ချုပ်ချယ်တာတွေလည်း တွေ့လာနိုင်ပါတယ်” ဟု ၄င်းက သတိပေးခဲ့သည်။ အကယ်၍ စားနပ်ရိက္ခာ အကြီးအကျယ် တင်သွင်းရသောနိုင်ငံများသည် အခြေခံစားသုံးကုန်များ နောက်ထပ် လုံလုံလောက်လောက် မရနိုင်တော့ဟု စိုးရိမ်သွားလျှင် ကြောက်လန့်တကြားဝယ်ယူမှုများ ပေါ်ပေါက်လာနိုင်ကာ ဈေးထိုးတက်သွားနိုင်ကြောင်း သတိပေးခဲ့သည်။

FAO ၏ အကြီးအကဲ ကျူဒေါင်ယုက ၂၀၁၇-၂၀၁၈ တွေ့ကြုံခဲ့ရသော စားနပ်ရိက္ခာ အကျပ်အတည်းမျိုးကို ရှောင်ရှားနိုင်ရန် အရေးကြီးလှကြောင်း၊ စားနပ်ရိက္ခာ ထုတ်လုပ်ပြီး ပြည်ပတင်ပို့သော နိုင်ငံများက မိမိတို့ ပြည်တွင်း စားသုံးမှု ဖူလုံစေရေး ဦးစားပေးပြီး ပြည်ပပို့ကုန်များကိုဆက်မပို့ပဲ ကန့်သတ်လိုက်ခြင်းသည် အလွန့်အလွန် အထိအခိုက်များစေပြီး ဝင်ငွေနိမ့်ပြီး ရိက္ခာမဖူလုံသည့် နိုင်ငံများအတွက် မည်သည့်နည်းနှင့်မျှ အခြေအနေမကောင်းနိုင်ကြောင်း၊ လူသားချင်း စာနာ ထောက်ထားမှု အဖွဲ့များ၏ ဆင်းရဲသားများနှင့် ထိလွယ်ခိုက်လွယ် ခံနိုင်ရည်အားနည်းသော အုပ်စုများကို ထောက်ပံ့ပေးနေသည့် လုပ်ငန်းများကို ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာ အေဂျင်စီများက လောလောဆယ် စိုးရိမ် နေသည်မှာ ၂၀၁၇-၂၀၁၈ က ကြုံခဲ့သော စားနပ်ရိက္ခာ ပြတ်တောက်မှုမျိုး နောက်ထပ် ကြုံတွေ့ရမည်ကိုပင် ဖြစ်သည်။ ထိုစဉ်က ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှု ကွင်းဆက်များ၌ ပြတ်တောက်မှုများဖြစ်ခဲ့သည်။ တရုတ်၊ အာဂျင်တီးနား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှား အစရှိသည့် ရိက္ခာတင်ပို့သော နိုင်ငံများက ပြည်ပပို့ကုန်များကို ကန့်သတ်လိုက်သောအခါ အစားအစာဈေးနှုန်းများ လွန်စွာ ကြီးမြင့်သွားခဲ့ပြီး ကမ္ဘာ့ငတ်မွတ်သောသူများ စာရင်းထဲသို့ နောက်ထပ် လူ ၇၅ သန်းရောက်သွားခဲ့သည်။ ထိုအဖြစ်အပျက်သည် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ လူပေါင်း ၁၂၅သန်းကို အလွန်အမင်း ဆင်းရဲသည့် အခြေအနေသို့ တွန်းပို့လိုက်သည်။

ယခုလည်း ကမ္ဘာ့စားနပ်ရိက္ခာ ကွင်းဆက်တွင် ကြုံလာနိုင်သည့် အန္တရာယ်ရှိနေရုံမျှမက အချို့နေရာများတွင် အရေးပါသော ကွင်းဆက်များအနက် တစ်ခုမှာ အသေအချာ ပြတ်တောက်နေပြီဖြစ်သည်။ ကမ္ဘာ့ စားနပ်ရိက္ခာကွင်းဆက် လည်ပတ်မှုကို ချောမွေ့စေသော ရွှေ့ပြောင်းလုပ်သားများ အခြေအနေ ပျက်ခဲ့ကြလေပြီ။ ကပ်ဘေးအတွင်းတွင် ကမ္ဘာ့လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများ၏ ၂၅ % သည် နယ်လှည့်နေသော ရွှေ့ပြောင်းလုပ်သားများအပေါ်တွင်များစွာ မှီခိုနေကြောင်း မီးမောင်းထိုးပြလိုက်သည်။ အလွန်ကောင်းမွန်သော စစ်တမ်းတစ်ခုတွင် ဥရောပ၌- ကျောကွဲလောက်အောင် အလုပ်လုပ်ရသော၊ ခက်ခဲသော အလုပ်နေရာပေါင်း ရှစ်သိန်းကျော်ခန့်၏ သုံးပုံနှစ်ပုံသည် လခလည်းနည်းပြီး အလုပ်ချိန်နာရီပေါင်းများစွာ ကြာမြင့်သော အလုပ်များဖြစ်ကြသည်။ ထိုနေရာများတွင် မြောက်အာဖရိက၊ ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းမှ အလုပ်သမားများက ဝင်ရောက်လုပ်ကိုင်နေကြသည်ဟု Jean Shaoul က ဆိုသည်။ သို့ရာတွင် ယခု ကိုဗစ်အကျပ်အတည်း ကျရောက်လာသောအခါ ဥရောပ ရှန်ကျန်းဇုန် ၂၆ နိုင်ငံအတွင်း ပြည်ပမှ ဝင်ရောက်လာသူများကို ဗီဇာကို ရက် ၃၀ ပိတ်လိုက်ပြီး နိုင်ငံများစွာက နယ်စပ်ဂိတ်များကို ပိတ်လိုက်ကြသည်။

အလုပ်သမားအရေးသည် စားနပ်ရိက္ခာကွင်းဆက်ကို ပြတ်တောက်စေမည့် အဓိက အကြောင်းရင်း ဖြစ်သည်ဟု ကော်နဲလ်တက္ကသိုလ်မှ စားနပ်ရိက္ခာကွင်းဆက်ကို လေ့လာသော ပညာရှင် Karaan Girotra က နယူးယောက် တိုင်မ်းသို့ ပြောကြားခဲ့သည်။

"အကယ်၍ အမေရိက၏ နယ်ဘက်ကျေးဘက်များ တွင် လူအများအပြား ဖျားနာကြပြီဆိုလျှင် အမေရိကားသည် ဘယ်လိုမှ အခြေအနေမကောင်းနိုင်" ဟု သူက ဆိုသည်။ မရှိမဖြစ် လိုအပ်သည့် ရိက္ခာထုတ်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်နေကြသူ လယ်ကူလီများ၊ အစား အသောက်လုပ်ငန်း အောက်ခြေ အဆင့်ဆင့်မှ အလုပ်သမားများ၊ လက်လီ ထုတ်လုပ်ရောင်းချသူများသည် ကိုဗစ်ကို တွန်းလှန်ရာတွင် ရှေ့တန်းမှ တာဝန်ယူထားရသူများဖြစ်ကြသည်။ သို့ရာတွင် ထိုရှေ့တန်း၌ တိုက်ပွဲဝင်နေသူတို့ထံတွင် မရှိမဖြစ်လိုအပ်သော ရောဂါကာကွယ်ရေး ပစ္စည်းများမရှိပါ။ နှာခေါင်းစည်းများ မလုံလောက်သလို တစ်ယောက်နှင့် တစ်ယောက် ခပ်ခွာခွာ နေကြရမည် ဟူသော စည်းကမ်းသည် သူတို့၏ ကျပ်တည်းလှသော အလုပ်ခွင်များကို ပြောင်လှောင်နေသလို ရှိသည်။ ကျေးလက်လုပ်သားများသည် ယခု ကိုဗစ်-၁၉ ကာလကြီးတွင် အထူးအားနည်း ထိခိုက် လွယ်ရခြင်းမှာ ထည့်ဝင်မြှုပ်နှံမှု နည်းပါးခြင်းထက် ၎င်းတို့၏ အခွင့်အရေးများကို စနစ်တကျ ငြင်းပယ်ခံထားရခြင်းကြောင့် ဖြစ်ပါသည်။ လုံခြုံစိတ်ချရသော အလုပ်ခန်းမရှိခြင်း၊ ရေကိုနေရာတကာ အလွယ်မရနိုင်ခြင်း၊ သင့်တင့်သော ကျန်းမာသန့်ရှင်းသည့် ဝန်းကျင်နှင့် အိမ်ယာမရှိခြင်း၊ အလုပ်သမားသမဂ္ဂများ ဖွဲ့ခွင့် မရှိခြင်းနှင့် အချင်းချင်း စုစည်းမှုအားကိုသုံး၍ အလုပ်ရှင်အပါ အဝင် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆွေးနွေးနိုင်သည့် အင်အားမရှိ ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို မရနိုင်ခြင်းနှင့် လူမှုဖူလုံ ရေးအကျိုးကို ခံစားခွင့်မရှိခြင်းတို့ကို ခံစားနေရသည်။ ထိုအခွင့် အရေးများ ရပိုင်ခွင့်မရှိခြင်းသည် ကိုဗစ်-၁၉ အကျပ်အတည်းကို ကိုင်တွယ်ရာတွင် မဖြစ်မနေ ဖြေရှင်းပေး ရမည့်ကိစ္စတစ်ခု ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာ ကွင်းဆက်ကို ခြိမ်းခြောက်နေသည်မှာ အစားအသောက်ထုတ်လုပ်မှုနှင့် ပြင်ဆင်ထုတ်ပိုးမှု လုပ်ငန်းများတွင် ကြုံနေရသော ပြဿနာများသာ မဟုတ်ပေ။ သယ်ယူပို့ဆောင်ရေးဂိတ်များ ပိတ်ဆို့နေခြင်း များလည်းပါဝင်သည်။ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး ဗဟိုချက်များတွင် ပိတ်ဆို့မှုများဖြစ်နေသည်။ FAO ၏ အစီရင်ခံစာတစ်ခုတွင် ကမ္ဘာ့အကြီးဆုံး မွေးမြူရေးအစာ ပဲပိစပ် တင်ပို့သည့် အာဂျင်တီးနားနိုင်ငံ ရိုဆာရီယိုတွင် ဖြစ်ပေါ်နေသော ပြဿနာတစ်ခုကို တင်ပြထားသည်။

"မကြာသေးခင်က ရိုဆာရီယို အနီးတွင်ရှိသော ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ တစ်ဒါဇင်ခန့်သည် ဗိုင်းရပ်ပြန့်ပွားမှု ထိန်းချုပ်ရန် ၎င်းတို့၏ နယ်မြေများအတွင်းတွင် ရိက္ခာကုန်တင်ကားများ အဝင်ရောအထွက်ပါ ခွင့်မပြုတော့ပေ။ ကားပေါ်တွင် ပါလာသော ပဲပိစပ်များသည် မွေးမြူရေးအစာကြိတ်မည့် စက်ရုံများဆီသို့ မရောက်နိုင်တော့ သောကြောင့် နိုင်ငံ၏ မွေးမြူရေး အစာပို့ကုန်လမ်းကြောင်းကို သွား၍ထိခိုက်သည်။ ထို့အတူ အခြေခံ စားကုန်ရိက္ခာကို များစွာတင်ပို့နေသည့် ဘရာဇီးတွင်လည်း ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းတွင် ကန့်သတ်ချုပ်ချယ်မှုများနှင့် ကြုံရသဖြင့် စားနပ်ရိက္ခာ ကွင်းဆက်များ ထိခိုက်တော့သည်။ ဘရာဇီးရှိ ဆန်တိုစ့် ဆိပ်ကမ်းတို့ကဲ့သို့ အဓိကကုန်စည်ပို့ဆောင်ရေး ဌာနများပိတ်ခဲ့လျှင် ကမ္ဘာ့ကုန်သွယ်ရေးတွင် အကြီးအကျယ် ဒုက္ခရောက်ကြရမည်ဖြစ်သည်။"

# ကမ္ဘာပတ်နေသော ရိက္ခာကွင်းဆက်သည် ပြဿနာ

ရှီဆရီယိုတွင် လမ်းပိတ်ခြင်းကို FAO က တင်ပြလာပုံသည် လူသိပ်မမြင်သော ကိစ္စတစ်ခုကို လူသိအောင် လုပ်ပေးလိုက်သည့်နှယ်။ FAO သည် ထိုရပ်ကျေးအစိုးရများကို မိမိရပ်ရွာအကျိုးကိုသာ မိမိစိတ်ဝင်စားသူများအဖြစ် ပုံဖော်ရေးသားထားသည်။ FAO က မမြင်သည်မှာ ထိုစားနပ်ရိက္ခာများ တင်ဆောင်လာသော သင်္ဘောကြီးများ၊ လေယာဉ်များသည် ခရီးသည်များကို တင်ဆောင်လာသော လေယာဉ်ကြီးများကဲ့သို့ပင် ရောဂါကို ခပ်ဝေးဝေး ရောက်အောင် လျင်မြန်ထိရောက်စွာ ဖြန့်ဖြူးနိုင်ကြသူများ ဖြစ်နေသည်ကိုပင်။ သို့ဖြစ်ရာ ထိုအာဏာပိုင်များက လမ်းပိတ်ကြသည်ကို နားမလည် နိုင်စရာမရှိပါ။ သို့သော် FAO နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများက စဉ်းစားမိပုံ မပေါ်သေးသော ပိုကြီးသည့် ပြဿနာမှာ ကမ္ဘာ့စားနပ်ရိက္ခာ ကွင်းဆက်ကြီးသည်ကိုဗစ် ၁၉ ကာလမပြေလည်မှုများ၏ တရားခံအကြောင်းတရားတစ်ခုဖြစ်ရုံမျှမက ပိုလည်း အကျနာစေနိုင်သည်။ နိုင်ငံတွင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာ ထုတ်လုပ်မှု ဖြစ်စဉ်အစိတ်အပိုင်းများကို တစ်စစီပြန့်ကျဲ နေရုံသာမျှမက နိုင်ငံများကို မိမိဘာသာ ရပ်တည်နိုင်စွမ်း အားနည်းသည့် အခြေအနေကို ရောက်သွားစေသည်။ စားနပ်ရိက္ခာအတွက် ပြင်ပကို အားကိုးရခြင်းကြောင့် ရောဂါအန္တရာယ်များနှင့် အခြားအရေးပေါ် အခြေအနေကြုံရလျှင် ခံနိုင်ရည် အားနည်းသွားတော့သည်။

၂၀၀၇-၂၀၀၈ ရိက္ခာအကျပ်အတည်းဖြစ်ရသည့် နောက်ခံ အကြောင်းများရှိပါသည်။ စားနပ်ရိက္ခာကုန်ပစ္စည်းများကို ငွေကြေး ဈေးကွက်တွင် ဈေးကစားကြခြင်းများနှင့် မြေယာ များအား ဇီဝလောင်စာထုတ်လုပ်ရန် အသွင်ပြောင်းလိုက်ခြင်း အပါအဝင် အကြောင်းရင်းများရှိခဲ့သည်။ ထိုသို့ လောလောလတ်လတ် ဖြစ်ပေါ်ခဲ့သည်များကို တရားခံ အဖြစ် လက်ညှိုးထိုးနိုင်သော်လည်း ၎င်းတို့ထက် ပိုစောပြီး ပိုအခြေခံကျသော အကြောင်းရင်းခံများက ၂၀၀၇-၂၀၀၈ အကျပ်အတည်းကို စနစ်တကျ ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ထိုအကြောင်း ရင်းများထဲတွင် ထိပ်ဆုံးမှ ပါနေသည်မှာ စိုက်ပျိုးမှုနှင့် စားသုံးမှု နှစ်ခုစလုံးတွင် ရာသီအလိုက်၊ ဒေသအလိုက် ထွက်သော အစား အသောက်မဟုတ်သော်လည်း ထုတ်နိုင်စားနိုင်ရမည်ဟူသော ထုံးကို နှလုံးမူသည့် အရင်းရှင်စနစ်က ပြဋ္ဌာန်းသော ဂလိုဘယ်လိုက်ဇေးရှင်းနှင့်အတူ ပျံ့နှံ့သည့် စက်မှုစိုက်ပျိုးရေး စနစ်ပင်ဖြစ်သည်။ ယခင်ကထက် ပို၍လျှင်မြန်စွာ၊ နက်ရှိုင်းစွာပင် စိုက်ပျိုးရေး ထုတ်ကုန်ဆိုင်ရာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများသည် ထုတ်လုပ်သူ (လယ်သမား) ကို စားသုံးသူတို့နှင့် အဆက်ဖြတ်လိုက်ကြသည်။ ပုံမှန်တွေ့နေကျသော ထုတ်လုပ်သူ(လယ်သမား)နှင့် စားသုံးသူ အဆက်အစပ်ကို ဖြတ်တောက်လိုက်ကြပြီး ၎င်းတို့ကတဆင့် ဝယ်ခြင်း၊ ရောင်းချခြင်း ရှိအောင်ပြုကာ ၎င်းတို့ကြားခံနယ်ကို ဖြတ်သန်းစေခြင်း အားဖြင့်သာ ထုတ်လုပ်သူနှင့် စားသုံးသူ ပြန်ဆက်စပ်ပေးသည်ဟု ဟားရီးယက် ဖရီးမင်းက ဆိုသည်။ ကမ္ဘာ့ဈေးကွက်တွင် ထုတ်လုပ်နိုင်စွမ်း မြင့်မားစေရန် တစ်နေရာနှင့်တစ်နေရာ ကွင်းဆက်ချိတ်ထားလျှက် တတိယကမ္ဘာမှ လူများကိုလည်း ထိုစနစ်ကြီး၏ စားသုံးသူ သို့မဟုတ် စားသောက်ကုန် ထုတ်လုပ်သူအဖြစ် သိမ်းသွင်းလိုက်ခြင်း (သို့မဟုတ်) ဖယ်ထားလိုက်ခြင်းတို့ကို ပြုလုပ်သည်။ အချို့နေရာများတွင်မူ ထိုနှစ်ခုကို တစ်လှည့်စီ ပြုလုပ်နေလေ့ရှိသည်။

၂၀၀၇-၂၀၀၈ စားနပ်ရိက္ခာအကျပ်အတည်းအပြီးတွင် ကမ္ဘာ့စားနပ်ရိက္ခာ လည်ပတ်နေသည့် စနစ်ကြီး၏ နာလန်ထူနိုင်စွမ်းကို လေးလေးနက်နက် စစ်ဆေးကြည့်ခဲ့ကြဖို့ကောင်းသည်။ ထိုသို့ မစစ်ဆေးခဲ့မိကြဘဲ အကျပ်အတည်းပြီးချိန်တွင် တကယ်ဖြစ်လာသည်မှာ ထိုစားနပ်ရိက္ခာ ကွင်းဆက်ကြီးသည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာခြင်းဖြစ်သည်။ အကျိုးဆက်မှာ ဒေသတွင်း၊ နိုင်ငံတွင်း ရိက္ခာစနစ်များသည် ကမ္ဘာ့ထုတ်လုပ်မှု ကွင်းဆက်ကြီး၏ အစိတ်အပိုင်းများ တိုးသထက်တိုး၍ ဖြစ်လာခဲ့သည်။

FAO ၏ ခန့်မှန်းချက်အရ ကမ္ဘာ့စိုက်ပျိုး ကုန်စည်ကူးသန်းရောင်းဝယ်ရေးသည် ၂၀၀၀ နှင့် ၂၀၁၆ ခုနှစ်အတွင်း သုံးဆတိုးလာကာ တန်ဖိုးအားဖြင့် ၁.၆ ဘီလီယံတိုးမြင့်လာသည်။ Jean Shaoul ၏ အဆိုအရ ၁၉၈၀ တွင် လူအများ စားသုံးနေသော ဆန်၊ ပဲပိစပ်၊ နံစားပြောင်းနှင့် ဂျုံများကဲ့သို့ ကယ်လိုရီများထဲတွင် အနည်းဆုံး နိုင်ငံနယ်စပ် တစ်ခုကို ဖြတ်ကျော်လာခဲ့သော ကုန်စည်က ၂၀ ရာခိုင်နှုန်းခန့် ရှိခဲ့သော်လည်း ယခုအခါတွင် ၅၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်သည်။ ဝင်ငွေအနိမ့်နှင့် အလယ်အလတ်နိုင်ငံများသည် ကမ္ဘာ့ရိက္ခာ သုံးပုံတစ်ပုံခန့်ကို ဖြည့်ဆည်းပေးနေကြသည်။ ပြည်တွင်းရိက္ခာစနစ်သည် ယခင်က ပြည်တွင်းထုတ်လုပ်မှုနှင့် စားသုံးမှုအများစုကို လွှမ်းခြုံခဲ့သော်လည်း ယခုအခါတွင် ၎င်းတို့နေရာမှာ တစစ ကျုံ့ဝင်လာခဲ့ပြီဖြစ်သည်။ ခေတ်ပေါ်ရိက္ခာ ထုတ်လုပ်ရေး ကွင်းဆက်ကြီးက သူတို့နေရာကို တိုးဝင်လာပြီး ထိုကွင်းဆက်ကြီးကို ကြီးမားသော စားသောက်ကုန် လုပ်ငန်းကြီးများနှင့် စူပါမားကက်များ၊ အရင်းအနှီးပိုရှိပြီး၊ လုပ်သားလိုအပ်ချက်ပိုနည်းကာ စက်ကိုသုံးနိုင်သော စနစ်များက ဝင်ရောက်လာကြသည်။ ထိုစနစ်သစ် ရိက္ခာထုတ်လုပ်ရေး ကွင်းဆက်ကြီးသည် တရုတ်၊ လက်တင်အမေရိကနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် စားနပ်ရိက္ခာစနစ်၏ ၃၀ ရာခိုင်နှုန်းကို အုပ်စီးမိထားပြီးနှင့် အာဖရိကနှင့် တောင်အာရှတို့၏ စားနပ်ရိက္ခာစနစ်တွင်မူ ၂၀ ရာခိုင်နှုန်းခန့်စီးမိပြီ ဖြစ်သည်။

Value chain ဆိုသော တန်ဖိုးမြှင့်ကုန်စည် ကွင်းဆက်ထဲသို့ ဝင်ရောက်နိုင်ရေး အဆင့်မီရန် ဒေသစိုက်ပျိုးရေး ကုန်စည်များကို တင်းကြပ်သော အရည်အသွေးစစ်ဆေးမှုပြုလုပ်လေ့ရှိရာ ထိုတန်းဝင် စံချိန်စံညွှန်းများကို မီနိုင်သူများမှာ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ၊ ကုမ္ပဏီများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံမှ အီလစ် စီးပွားရေးသမားများ ဖြစ်ကြ

ကြောင်း လေ့လာချက်များစွာက ဖော်ပြနေသည်။ ရိက္ခာကွင်းဆက်ကြီးသည် အောက်မှအထက်တက်သောပုံစံဖြင့် ဆန်တက်လည်ပတ်နေရာ ပို့ကုန်များကို နောက်ဆုံး ဝယ်ယူသည့်နေရာတွင် ကွင်းဆက်အဆုံးသတ်သွားသည် ဖြစ်ရာ ထိုစနစ်တွင် လည်ပတ်နေသူများတွင် အရွယ်ကြီးမား အရင်းအနှီးများသော စိုက်ပျိုးရေး လုပ်ငန်းကြီးများက အရေးသာပါသည်။ သူတို့လက်ထဲတွင် ကွင်းဆက်တစ်ခုလုံး၏ ကံကြမ္မာကို ဖန်တီးနိုင်ပြီး ကွင်းဆက်၏အနိမ့်ဆုံးအလွှာမှ တောင်သူလယ်သမားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ ၄င်းတို့နှင့်ကပ်လျက် အထက်နားတွင် လည်ပတ်ကြသော ကုမ္ပဏီများက ဈေးဆစ်သလိုခံရသည့် အခြေအနေသို့ ရောက်ရှိ ကြရသည်။ ထိုကွင်းဆက်လည်ပတ်ပုံကြောင့် အထက်က အားကြီးသော ကုမ္ပဏီအဆင့်ဆင့်သည် အနာခံစရာရှိလျှင် အောက်လူကိုသာ အနာခံစေသော စနစ်ကို အားပေးသည်။ အထူးသဖြင့် ကော်ပိုရိတ် အဝယ်တော်တို့သည် ဦးစားပေးချင်းပေးလျှင် အရင်းအနှီးများပြီး အရည်အသွေးမီသော ထုတ်လုပ်သူ အကြီးစားများကိုသာ ထိုကွင်းဆက်ထဲသို့ တွဲခေါ်သွားမည်ဖြစ်ရာ တောင်သူငယ်၊ လုပ်ငန်းငယ်များမှာ ထိုကွင်းဆက် ထဲမှ အပယ်ခံရနိုင်ဖွယ်ရှိသည်။

ထိုဈေးကွက်ကြီးတွင် ရိက္ခာအစားအသောက် အရည်အသွေးနှင့် ဘေးကင်းမှု စံချိန်စံညွှန်းများကို မြှင့်တင်ထားသဖြင့် တော်ရုံတန်ရုံတော်သူများ၊ လုပ်ငန်းငယ်များ ဝင်မတိုးနိုင်တော့ဘဲ အဆင့်တိုင်းတွင် လုပ်ငန်းအငယ်များ ပျောက်သွားပြီး ကော်ပိုရိတ်စိုက်ပျိုးရေး လုပ်ငန်းများက ၄င်းတို့၏ အဝယ်တော်များ ၊ ထုတ်လုပ်သည့်ကုမ္ပဏီများနှင့် ၄င်းတို့ပိုင်သော ပွဲစားကြီးများဖြင့်သာ လည်ပတ်ကြလေ့ရှိပါသည်။ လူသိများသော လစ်ဘရယ် အင်စတီကျူတစ်ခုက ထိုစိုက်ပျိုးရေး လုပ်ငန်းငယ်များ၊ လုပ်ကွက်ငယ်တောင်သူများ၏ အဖြစ်ကိုအောက်ပါအတိုင်း အနှစ်ချုပ်၍ ပြောကြားသည်။

## မြန်မာနိုင်ငံကို ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှု ကွင်းဆက်ထဲသို့ဆွဲထည့်ခြင်း

FAO သည် လုပ်ကွက်ငယ် တောင်သူများ၏ အကျိုးကို ပိုကာ မျှော်ရည်ထောက်ထားလာကြောင်း လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပြောကြားနေခဲ့သော်လည်း လက်တွေ့လုပ်ရပ်တွင်မူ ထိုစကားများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို တွေ့နိုင်သည်။ ဥပမာ-၂၀၁၁ ခုနှစ်က စတင်ခဲ့သော မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလအတွင်း မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် FAO က အာရှဖွံ့ဖြိုးရေးဘဏ်နှင့် LIFT ရံပုံငွေအဖွဲ့တို့ နှင့်အတူ ပူးပေါင်းရေးဆွဲသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးမဟာဗျူဟာ (ADS) မှာနမူနာဖြစ်သည်။ ထို ADSက လယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်း ကုမ္ပဏီများအနေနှင့် ဈေးကွက်ကွင်းဆက်ကြီးထဲသို့ ထိထိမိမိဝင်ရောက် ပေါင်းစည်းကြရမည်ဟု အကြံပြုထားသည်။ ဒေသဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ထိုသို့ ဝင်ရောက်ပေါင်းစည်းမှု အောင်မြင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် မြန်မာပြည်တွင် လက်ရှိ ကြီးကြီးမားမား ရှိနေသည့် ကိုယ်တိုင်စားသုံးရန် (သို့) ပြည်တွင်းဈေးကွက်တွင်သာ ရောင်းရန် အဓိကစိုက်ပျိုးနေကြသည့်ပုံစံများကို အမြတ်ဦးစားပေး ကုန်သွယ်ရေးသို့ ဦးတည်သည့် စိုက်ပျိုးရေးလုပ်ငန်းများအဖြစ် အသွင်ပြောင်းလဲပြီး နယ်ဈေးကွက်၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာ ဈေးကွက်တို့နှင့် ချိတ်ဆက်ကြရန် လိုအပ်ကြောင်းအကြံပြုသည်။

လုပ်ကွက်ငယ် တောင်သူများအတွက် ထည့်စဉ်းစားလာသော်ငြားလည်း ယခုမဟာဗျူဟာအရ မဏ္ဍိုင်ကျသော အင်စတီကျူးရှင်းမှာ "ထုတ်လုပ်သူကုမ္ပဏီ" များဟု စကားလှအောင် သုံးထားသော စိုက်ပျိုးရေးလုပ်ငန်းရှင်များသာဖြစ်ပေသည်။ ထိုသူတို့မှာ စိုက်ပျိုးရေး ထုတ်ကုန်ကွင်းဆက်ထဲတွင် "သိုလှောင်ရုံပိုင်ရှင်များ၊ သယ်ယူ ပို့ဆောင်ရေး ကုမ္ပဏီများ၊ ထုတ်ပိုး ပြင်ဆင်ရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် အစားအစာ သွင်းကုန် ပို့ကုန်လုပ်ငန်းများ၊ ဖြန့်ချိသူများ၊ ကုန်သည်များနှင့် စိုက်ပျိုးရေး လုပ်ငန်းကို ပံ့ပိုးကြသူများ၊ အထူးသဖြင့် ငွေကြေးအဖွဲ့အစည်းများ၊ သီးနှံ အာမခံ အဖွဲ့အစည်းများနှင့် လုပ်ငန်းအကြံပေး အဖွဲ့အစည်းများအဖြစ် ပါဝင်နေကြမည်ဖြစ်သည်။ စိုက်ပျိုးရေးမဏ္ဍိုင်တွင် အဓိကကျသော ဇာတ်ကောင်များအခန်း၌ ကမ္ဘာ့ဘဏ်က အလွန်နှစ်သက်သော အစီအမံတစ်မျိုးဖြစ်သည့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး Public-private partnership ဟူ၍ ပေါ်လာကြပြန်သည်။ ADS က ထိုပူးပေါင်းမှုကို "ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ အားနှင့်၊ တောင်သူ လယ်သမားများ၏ စွမ်းရည်နှင့် တီထွင်မှုကိုပေါင်းစပ်နိုင်ရန် အစိုးရက အကူအညီပေးခြင်းအားဖြင့် အပြုသဘောဆောင်သော ပြည်သူ့အကျိုးပြု ရလဒ်များ ထွက်ပေါ်လာစေရန်" ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အောင်မြင်စေရန် နိုင်ငံခြားစိုက်ပျိုးရေးလုပ်ငန်းကြီးများ၏ ပါဝင်မှု လိုအပ်ကြောင်း ပြောကြားသည့် မဟာဗျူဟာပင်ဖြစ်သည်။ ADS ကဲ့သို့ မဟာဗျူဟာမျိုးသည် ရည်ရွယ်ချက်အရ နိုင်ငံတစ်ခု၏ စိုက်ပျိုးရေးလုပ်ငန်းများကို အားသစ်လောင်းရန် အဓိကတင်ပြရမည်ဖြစ်သော်လည်း တကယ်ပါလာသည်မှာ ပြည်ပမှ နိုင်ငံဖြတ်ကျော်ကုမ္ပဏီကြီးများ၏ အကျိုးစီးပွားကို ADS က ဝင်ရောက်အကျိုးဆောင်ပေးခြင်းဖြစ်သည်။

စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးမှုမဟာဗျူဟာ ADS သည် စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍမှ ဉာဏပစ္စည်းမူပိုင်ခွင့်များ ကိုလည်း ကာကွယ်ပေးမည်ဟုဆိုသည်။ အပင်မျိုးသစ်အကာအကွယ်ပေးရေး အပြည်ပြည်ဆိုင်ရာ သမဂ္ဂ၏ မူများနှင့် ညီညွတ်သော အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေ၊ ကုန်ပစ္စည်းအမှတ်တံဆိပ် ဥပဒေနှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်ကုန်များ GI ပထဝီ ဆိုင်ရာ အမှတ်အသားများရရှိ၍ အမှတ်တံဆိပ်ကို အကာအကွယ်ယူနိုင်သည့် စည်းမျဉ်း စည်းကမ်းများ ထုတ်ရန်နှင့် စိုက်ပျိုးရေး သွင်းအားစု အတုဝင်ရောက်ခြင်းကို တားဆီးရန် ဉာဏပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးရေးအစီအမံများ၊ ပိုးသတ်ဆေးအပါအဝင် သွင်းအားစုအတု နှိမ်နင်းရေးဆိုင်ရာ မူပိုင်ခွင့်ကာကွယ်ပေးခြင်းကို ဆောင်ရွက်ရန် ၊ ပစ္စည်းအတုများတင်သွင်းခြင်းကို ထိန်းချုပ်နိုင်ရေး အတွက် နယ်စပ်ကုန်သွယ်မှုကို ပိုမိုတင်းကြပ်စွာ စစ်ဆေးရန်တို့ ပါဝင်သည်။

'လုပ်ကွက်ငယ် တောင်သူများ၏ အကျိုးစီးပွားနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး' ဟူသော ခေါင်းစဉ် အောက်တွင် ADS နှင့်တကွ ဆက်စပ်နေသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများက အဆိုပြုကြသည်မှာ လယ်ယာလုပ်ငန်းခွင်နှင့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကြား ခနရှင်စနစ်ဆက်ဆံရေးမျိုး ပေါ်ပေါက်လာစေရေး ကြိုးကိုင်မောင်းနှင်ပေးမည့် အစွမ်းထက်မြက်သည့် အင်စတီကျူးရှင်းများက ထိန်းချုပ်သော (New Institutional) စားနပ်ရိက္ခာ မူသစ် ပေါ်လာရေး ဖြစ်သည်ဟု သုံးသပ်သူ တစ်ဦးကဆိုသည်။ အထက်တွင်ဆိုခဲ့သည့် အတိုင်း ADS ၏မူမှာ လုပ်ကွက်ငယ် တောင်သူများ နှင့် စိုက်ပျိုးရေးလုပ်ငန်းကြီးများကြားတွင် မဟာမိတ်ဖွဲ့သည်ဟူသော ဆက်ဆံရေးကို အသားပေးထားသည်။ သို့ရာတွင် ထိုမူဝါဒကို ရေးသားခဲ့ကြသူတို့ ကိုယ်တိုင်ပင်လျှင် ထိုမဟာမိတ်ဆက်ဆံရေးမှ လယ်သမားများအတွက် အကျိုးတကယ် ဖြစ်ထွန်းနိုင်ပါမည်လောဟု သံသယရှိခဲ့ပုံရပါသည်။

အောက်ပါစာပိုဒ်တွင်ထိုအချက်ကို ထင်ရှားစွာတွေ့နိုင်သည်။

"တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုကွင်းဆက်များသည် ကုန်စည်တန်ဖိုးကို မြှင့်တင်ရန်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ရန်အတွက် အဆင့်ဆင့် လက်ပြောင်းလက်လွှဲများ ချိတ်ဆက်ထားခြင်းဖြစ်သည်။ ထိုကွင်းဆက်တွင် လုပ်ကွက်ငယ် တောင်သူများ သည် စိုက်ပျိုးရေးလုပ်ငန်း ကုမ္ပဏီကြီးများနှင့် ကုန်ထုတ်လုပ်ရန် ပေါင်းစည်းခြင်းအားဖြင့် အကျိုးအမြတ်ရလာနိုင်ပါသည်။ သို့သော် ထိုသို့ ပေါင်းစည်းကြရာတွင် လွန်စွာထက်မြက်သော တောင်သူလယ်သမား အစည်းအရုံးများ အသက်ဝင်နေစေရန် လိုအပ်ပြီး ထိုအစည်းအရုံးများမှတဆင့် တောင်သူများစွာကို စည်းရုံးနိုင်ပြီး မိမိတို့အကျိုးကို အကာအကွယ်ရရန် စုရုံးတောင်းဆိုနိုင်မှသာလျှင် လုပ်ငန်းကြီးများနှင့် မဟာမိတ်ဖွဲ့ရာတွင် အကျိုးအမြတ်ရှိနိုင်မည်။ တောင်သူများနှင့် ၄င်းတို့၏ ခေါင်းဆောင်များသည် မိမိတို့ လိုအပ်ချက်ကို တင်ပြတောင်းဆိုနိုင်ရန် ကောင်းစွာ ပညာပြည့်ဝရမည်ဖြစ်ပြီး အရေးကိစ္စရှိလာလျှင် လူစုခြင်း၊ ရေရှည်အတွက် အစီအစဉ် ချမှတ်ရေးဆွဲနိုင်ခြင်း၊ စာရင်းအင်း ပိုင်ခြင်း၊ ဈေးဆစ် ညှိနှိုင်းတတ်ခြင်းနှင့် ဈေးကွက်ကို နားလည်ခြင်းတို့ကို တတ်ကျွမ်းနေစေရန် သင်ယူကြရမည်။ စိုက်ပျိုးရေး ထုတ်ကုန် ကွင်းဆက်ထဲတွင် အများနှင့် ယှဉ်ပြိုင်နိုင်ရန်မှာ တောင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အစိုးရတို့ သုံးပွင့်ဆိုင် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ရန် လိုအပ်ပြီး ကွင်းဆက်၏ အစိတ်အပိုင်းအသီးသီးတွင် ရှိနေသော အဖုအထစ်များကို ဖြေရှင်းတတ်ရပါမည်။"

ကြောက်စရာကောင်းသော နိုင်ငံတကာ ဈေးကွက်တွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အရေးအတွက် ADS သည် လုပ်ကွက်ငယ် တောင်သူများကို ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့် နိုင်ငံတကာ နယ်စပ် ဖြတ်ကျော် ရင်းနှီးမြှုပ်နှံသူများ၏ လက်ဝေခံဘဝသို့ တွန်းပို့လိုက်သည်။ ကမ္ဘာ့အရင်းရှင်စနစ်ကြီး၏ စစ်တိုက်သလိုပြိုင်ကြသော ဈေးကွက်ထဲ၌ အရင်းအနှီးကြီးစွာ မြှုပ်နှံထားနိုင်သူသည် အသာစီးရမြဲဖြစ်သည်။ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိရန် သော့ချက်မှာ ထုတ်လုပ်မှုစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချကြခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်၏ ဘောင်ထဲတွင် ပေးထားသော သတ်မှတ်ချက်အတိုင်း ဝင်ကစားရမည့်အရေးတွင် မြန်မာ တောင်သူလယ်သမား အစည်းအရုံးများအနေနှင့် အမှန်တကယ် မိမိတို့ အကျိုးစီးပွားကို ကာကွယ်နိုင်မည်လား ဟူသောအချက်မှာ သံသယ ဖြစ်ဖွယ်ပင်။ ADS သည် တောင်သူတို့၏အကျိုးကို ကြားကောင်းရုံ ပြောနေခြင်းဖြစ်ပြီး တကယ်တမ်းတွင် သူတို့၏ အကျိုးစီးပွားကို မကာကွယ်နိုင်ပေ။ ဖြစ်နိုင်ခြေများသည်မှာ အရင်းအနှီးကြီးမားသော ကုန်စည်စီးဆင်းမှု ကွင်းဆက်ထဲသို့ တောင်သူများ ပေါင်းစည်းဝင်ရောက်သွားလျှင် ၄င်းတို့လက်ရှိ ထုတ်လုပ်နေသော သီးနှံများကိုပင်လျှင် နိုင်ငံဖြတ်ကျော်ကုမ္ပဏီကြီး များ၏ ဈေးကွက်က သိမ်းယူသွားဖွယ်ရှိသည်။ ဥပမာ ပဲမျိုးစုံထုတ်လုပ်မှုနှင့် ရောင်းချမှု။ ကုန်စည်စီးဆင်းမှု ကွင်းဆက်ကြီးထဲတွင် ဖြစ်လာနိုင်သည့် အခြေအနေမှာ လက်ရှိလုပ်ကွက်ငယ် တောင်သူမြောက်မြားစွာသည် မြေယာလက်မဲ့ဖြစ်ပြီး စိုက်ပျိုးရေးကုမ္ပဏီကြီးများတွင် အလုပ်သမားများ ဖြစ်လာကြခြင်းပင်ဖြစ်သည်။ လက်ရှိပင် မြန်မာနိုင်ငံ၏ ၃၀-၅၀ ရာခိုင်နှုန်းသည် မြေပိုင်ဆိုင်ကြသူများ မဟုတ်ရာ အနာဂတ်တွင် ပို၍ ဆိုးစရာသာရှိသည်။ ထိုသူတို့သည် မြေမရှိလျှင် ပြည်တွင်းပြည်ပရှိ စိုက်ခင်းများ၊ သတ္တုမိုင်းများနှင့် စက်မှုလုပ်ငန်းကြီးများတွင် အလုပ်သမားများ ဖြစ်လာကြပေလိမ့်မည်။

# ပြင်ပကို မမှီခိုရေးက အဘယ့်ကြောင့် စားနပ်ရိက္ခာကဏ္ဍတွင် အရေးကြီးရသနည်း။

သူ့ဘာသာ လည်ပတ်နေသည့် ပြည်တွင်းစိုက်ပျိုးရေး အဆောက်အအုံကို ကမ္ဘာ့ကုန်စည် စီးဆင်းမှု ကွင်းဆက်ထဲသို့ ထည့်လိုက်သောအခါ ပြည်ပကို အားမကိုးဘဲ နေ၍မရတော့သည့် အခြေအနေသို့ ရောက်သွားပြီး နီယိုလစ်ဘရယ် အတွေးအခေါ် ထောက်ချောက်ထဲသို့ ကျရောက် သွားတတ်မြဲဖြစ်သည်။

FAO နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများသည် မိမိတို့ သွားလိုရာ လမ်းကြောင်းကို အမွှမ်းတင်ခဲ့ကြသည်။ ဂျနီဖာ ကလပ်ကမူ နိုင်ငံတို့သည် အဘယ့်ကြောင့် ပြည်ပသို့ မမှီခိုသင့်ကြောင်း အောက်ပါအချက် ခြောက်ချက်ဖြင့် အကျိုးအကြောင်းရှင်းပြသည်။

၁။ ကမ္ဘာ့ဈေးကွက်တွင် မမျှော်လင့်ထားသော အပြောင်းအလဲများကြုံ၍ စားနပ်ရိက္ခာပြတ်လပ်ခြင်းများ ရုတ်တရက် ကြုံရလျှင် နိုင်ငံအတွင်း နေထိုင်သူများစွာမှာ အငတ်ဘေးနှင့်ကြုံနိုင်သည်။ ၂၀၀၇-၂၀၀၈ တွင် ဤအဖြစ်မျိုးကြုံခဲ့ဖူးပြီ ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုဈေးကွက်ကို ကျန်းမာအောင် သေချာသော နည်းလမ်းများဖြင့် ကြံဆရန် လိုပြီဖြစ်သည်။

၂။ ပြည်ပပို့ကုန်ကို အားပြုရပြီး ဝင်ငွေအတက်အကျ မမှန်သော နိုင်ငံများသည် ပြည်ပရှိ စားနပ်ရိက္ခာဈေးကွက်ကို အမှီပြုရခြင်း အားလျှော့ချပြီး မိမိတို့ အခြေအနေပိုကောင်းအောင် ထိန်းသိမ်းနိုင်သည်။ နိုင်ငံတစ်ခုသည် မိမိတို့ အားထား တင်ပို့နေသော ကုန်စည်က ဈေးကွက်တွင် ဈေးမကောင်းလျှင်လည်းကောင်း၊ လမ်းကြောင်းများ အခြေအနေမကောင်း သောအခါတွင်လည်းကောင်း၊ နိုင်ငံခြားဝင်ငွေ ရရှိရန် ပို့ကုန်တစ်မျိုးနှစ်မျိုးကိုသာ မှီခိုနေရလျှင်သော်လည်းကောင်း၊ ပြည်ပပို့ကုန်အားကိုးသော နိုင်ငံများ၏ ဝင်ငွေရုတ်တရက် ထိုးဆင်းသွားနိုင်ပါသည်။ ဤအခြေအနေတွင် ပို့ကုန်တစ်မျိုးနှစ်မျိုးကို အားကိုးခြင်းထက် ဝင်ငွေရနိုင်သည့် ကုန်စည်များစွာကို ဖြန့်ကျက်ရောင်းချထားခြင်းဖြင့် အကျ သက်သာနိုင်ပါသည်။

၃။ သဘာဝ သယံဇာတ ပေးထားချက်များအရ နိုင်ငံအချို့သည် ပြည်ပကို မမှီခိုဘဲ နေနိုင်စွမ်းရှိကြသည်။ ထိုသို့မဟုတ်ဘဲ လက်ရှိတွင် ပြည်ပက သွင်းရသည့် စားသောက်ကုန်ကို မှီနေရသော နိုင်ငံများအနေနှင့် ပြည်တွင်း စားသောက်ကုန် ထုတ်လုပ်မှုမြင့်တက်လာခြင်းကြောင့် အကျိုးရှိလာနိုင်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၆၀ ခန့်သည် မိမိတို့စားသောက်ကုန်များကို မိမိတို့ဘာသာ ဖူလုံအောင် ထုတ်လုပ်နိုင်သော အရင်းအမြစ်မရှိကြပေ။ ကမ္ဘာ့နိုင်ငံအများစုသည် ပြည်တွင်းတွင် မိမိတို့ စားသုံးမှုအတွက် လုံလောက်အောင် ထုတ်နိုင်သည့် အရင်းအမြစ်များရှိကြသည်။ ထိုသို့အရင်းအမြစ်ရှိပြီး မိမိတို့ဘာသာ လုံလောက်နိုင်သည့်တိုင်အောင် ထိုနိုင်ငံများစွာတို့တွင် ပို့ကုန်နှင့် သွင်းကုန် ယှဉ်လိုက်လျှင် သွင်းကုန်က ပိုများနေသည်ကို တွေ့ရတတ်သည်။ ဥပမာ ဆာဟာရ တစ်ပိုင်း အာဖရိကနိုင်ငံများသည် ၁၉၆၀-၇၀ နှစ်များတွင် ပြည်ပကို တင်ပို့သည့် စားနပ်ရိက္ခာပမာဏက ပိုများသော်လည်း ၁၉၈၀ သို့ ရောက်သောအခါတွင် ပြည်ပမှ တင်သွင်းရသည့်ပမာဏက ပိုများလာသည်။

၁၉၈၀ ကတည်းကပင် ပြည်ပမှ တင်သွင်းသော စားနပ်ရိက္ခာကို အားကိုးလာကြရသည့်နိုင်ငံများသည် အမှန်တကယ်တွင် မိမိတို့ ဘာသာဖူလုံအောင် ထုတ်လုပ်နိုင်သည့် အစွမ်း ရှိနေကြသေးသည်။ ဥပမာ - ဂီနီ၊ မာလီ၊ ဆူဒန်နှင့် ကွန်ဂို ဒီမိုကရက်တစ် ရီပတ်ဘလစ် တို့ပင်ဖြစ်ကြသည်။ အခြားသော ပြည်ပမှ တင်သွင်းကုန်က ပိုများနေသော တောင်အမေရိကမှ ကိုလံဘီယာနှင့် ဗင်နီဇွဲလားတို့ကဲ့သို့ နိုင်ငံများသည်လည်း ကိုယ်ပိုင်ဖူလုံစွာ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်း ရှိနေကြသော်လည်း ၄င်းတို့ ပြည်တွင်း စားသုံးမှု ပမာဏ အတော် များများကို ကမ္ဘာ့ဈေးကွက် မှ တင်သွင်းနေမြဲဖြစ်သည်။ ထိုနိုင်ငံများသည် ပြည်တွင်း ထုတ်လုပ်မှု တိုးလာပါက ပြည်ပသို့ ပို့ကုန် ဈေးမငြိမ်ခြင်းကြောင့် ဖြစ်လာသော အကျိုးဆက်များကို လျှော့ချနိုင်ပြီး စားနပ်ရိက္ခာဈေးနှုန်းများ ရုတ်တရက် တက်သွားခြင်း ပြဿနာကို ဖြေရှင်းနိုင်သည်။

၄။ ပြည်တွင်းရိက္ခာဖူလုံအောင်ထုတ်နိုင်သောအခါ အခြေခံစားကုန်ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားသူ လက်တစ်ဆုပ်စာကို အားကိုး နေရသော အဖြစ်ကလည်း လွတ်မြောက်နိုင်သည်။ ဥပမာ- ကမ္ဘာ့ဆန်ဈေးကွက်မှာ ရောင်းချတင်ပို့သူ အနည်းငယ်ကသာ စိုးမိုးထားသော ဈေးကွက်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ထွက်သော ဆန်၏ ပမာဏ အနည်းငယ်ကသာ အရောင်းအဝယ် ဈေးကွက်ထဲ ရောက်တတ်သည်။ သို့ဖြစ်ရာ ရောင်းချသူတို့ ဘက်တွင် အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်လိုက်လျှင်ပင် ကမ္ဘာ့ဆန်ဈေးမှာ ချက်ချင်း ထိုးတက်သွားတတ်သည်။ ၂၀၀၇-၂၀၀၈ စားနပ်ရိက္ခာ အကျပ်အတည်းကာလတွင် ဤပုံအတိုင်း ဖြစ်သွားခြင်းဖြစ်သည်။ ထိုကဲ့သို့ သော ပြဿနာမျိုးကို ရှောင်ရှားရန် သီးနှံများကို ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရောက်အောင် ပိုမိုကျယ်ပြန့်စွာ ပို့ကြရမည်ဟု ပြင်ပ မမှီခိုရေး အယူအဆကို ဆန့်ကျင်ကြသူတို့ကဆိုသော်လည်း ဆန်အပါအဝင် အချို့သော အခြေခံ စားကုန်များကို ပြည်ပသို့ များများစားစား ရောင်းချပေးနိုင်သူများမှာ နိုင်ငံအနည်းငယ်သာရှိသည်။

၅။ လူဦးရေအလွန်များသော နိုင်ငံကြီးများအနေနှင့် စားနပ်ရိက္ခာအတွက် ကမ္ဘာ့ဈေးကွက်ကို မှီခိုနေရခြင်းကို လျှော့ချခြင်းအားဖြင့် အကျိုးရှိနိုင်၏။ ကမ္ဘာ့ဈေးကွက်ထဲတွင် နိုင်ငံကြီးများက ဝယ်ယူသော စားနပ်ရိက္ခာပမာဏမှာ တစ်နှစ်နှင့်တစ်နှစ် ကွာဟချက်ကြီးလျှင် ၄င်းတို့၏ ကုန်စည်အနှုတ်အသိမ်းသည် ကမ္ဘာ့စားနပ်ရိက္ခာဈေးကို ထိခိုက်စေနိုင်သည်။ ၄င်းတို့က လိုက်ဝယ်သော အခြေခံ စားကုန်သည် ကမ္ဘာ့ဈေးကွက်တွင် ဈေးထိုးတက် သွားနိုင်သလို ထိုကုန်စည်ကို တင်သွင်းနေရသော အခြားနိုင်ငံများအနေနှင့်လည်း ဈေးကွက်တွင် ဝယ်မရနိုင်တော့ခြင်းများ ဖြစ်လာနိုင်သည်။ ပြည်ပမမှီခိုရေးမူကို ၁၀၀ ရာခိုင်နှုန်း အောင်မြင်စွာကျင့်သုံးနိုင်သော နိုင်ငံများမှာ ပို၍တည်ငြိမ်သော ဈေးကွက်ကို ဖန်တီးပေးနိုင်ပြီး နိုင်ငံတကာဈေးကွက်အတွင်း ဈေးနှုန်းကိုလည်း၄င်းတို့ ကြောင့် အလှုပ်အရမ်း မဖြစ်စေတတ်ပေ။

၆။ စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံရေးတင်းမာမှုကြောင့်ဖြစ်စေ ကုန်သယ်ရေးလမ်းကြောင်းတွင် ပြတ်တောက်မှုများ ပေါ်လာနိုင်သည့် အခြေအနေကြုံနေသော နိုင်ငံများအနေနှင့် ပြည်တွင်းရိက္ခာဖူလုံလျှင် ပြည်သူများ သက်သာရာ ရနိုင်သည်။ နိုင်ငံများစွာသည် အကျပ်အတည်းကာလတွင် စားနပ်ရိက္ခာ ပြတ်လပ်ခြင်းမရှိဘဲ ထိန်းထားနိုင်အောင် ဆောင်ရွက်နိုင်ခြင်းကို အမျိုးသားလုံခြုံရေး ကိစ္စအဖြစ် စဉ်းစားလာကြပြီး ပဋိပက္ခနှင့် နိုင်ငံရေးတင်းမာမှုများကြောင့် ပြည်ပမှ သွင်းကုန်များ ပြတ်တောက်ခြင်း ကြုံလာလျှင် ခံနိုင်ရည်ရှိရန် ပြည်တွင်းစိုက်ပျိုးရေး စွမ်းဆောင်ရည် တက်လာအောင် ပိုမိုရင်းနှီး မြှုပ်နှံချင်လာကြသည်။

ကိုဗစ် ၁၉ ကပ်ဘေးကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ လမ်းကြောင်းတွင် ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို အကြောင်းပြု၍ ပြည်ပကို မမှီခိုကြရန် အကြောင်းပြချက်များတွင် အောက်ပါတစ်ချက်ကိုလည်း ထပ်ပေါင်းထည့်နိုင်သည်။ စားနပ်ရိက္ခာ သယ်ယူသည့် လမ်းကြောင်းများမှာ ရောဂါသယ်ယူပို့ဆောင်ရေး လမ်းကြောင်းကြီးများလည်း ဖြစ်နေနိုင်ရာ နိုင်ငံအသီးသီး သည် ပြင်ပသို့မမှီခိုရဘဲ မိမိဘာသာ ရိက္ခာဖူလုံရေးမှာ မဖြစ်မနေလုပ်ကြရမည့် ကိစ္စတစ်ခုဖြစ်လာသည်။

ယခုလေ့လာချက်ထဲတွင် ပါရှိသော အကြံပြုချက်များ အနက် အရေးကြီးဆုံး တစ်ချက်မှာ ကမ္ဘာ့ စားသောက်ကုန် လုပ်ငန်းကွင်းဆက်ကြီးကို ယခုကဲ့သို့ ကော်ပိုရိတ်တို့က ချုပ်ကိုင်ထားသည်မှာ အန္တရာယ်ကို ဖိတ်ခေါ်နေသည့် အနေအထားမျိုးဖြစ်၍ မိမိတို့အစားအသောက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ထိုစနစ်နှင့် ဝေးဝေး နေပါဟူ၍ ဖြစ်သည်။ ထိုကော်ပိုရိတ်ကြီးစိုးသော ရိက္ခာလမ်းကြောင်း ကွင်းဆက်ကြီး သည် ထုတ်လုပ်မှု တစ်ယူနစ်ချင်း စရိတ်ကို လျှော့ချရန်ဟူသည့် ကျဉ်းမြောင်းသော အမြင်ဖြင့် တွက်ချက်ဆောင်ရွက် နေကြခြင်း ဖြစ်ရာ မိမိတို့ဒေသ ထုတ်ကုန်ကို အသေးစားထုတ်လုပ်သူများ နှင့် လည်ပတ်သော ရေရှည်တည်ငြိမ်တည်တံ့သည့် စနစ်မျိုး ဆီသို့ သွားကြရန် တိုက်တွန်းလိုပါသည်။ လောလောဆယ် ကိုဗစ် ၁၉ အကျပ်အတည်းကာလတွင် လက်ရှိကမ္ဘာ့ စားသောက်ကုန် ကွင်းဆက်ကြီးကို မှီခိုနေရသော သူများ ငတ်မွတ်ခြင်းမကြုံရအောင် ထိုကွင်းဆက်များ ဆက် လည်ပတ်နေရန်လိုပြီး ရေရှည်အတွက်ကိုမူ ထိုစနစ်ကိုအစား ထိုးနိုင်သည့် မဟာဗျူဟာ ရည်မှန်းချက်များ လိုအပ်ပါသည်။ ကပ်ဘေးအရှိန်အမြင့်ဆုံး ရောက်ရှိနေသော အချိန်ထဲ၌ပင် အချို့ လုပ်ငန်းများကို စတင်ထားနိုင်ပါသည်။ ဥပမာ- မြို့ကြီး များစွာသည် ယခုအခါ အဝင်အထွက် ပိတ်ထားကြသည်ဖြစ်ရာ တောနယ်ဘက်တွင် စိုက်ပျိုးသော ကုန်များသည် ကမ္ဘာ့စားနပ် ရိက္ခာ ကွင်းဆက်လမ်းကြောင်းကြီးသို့ မရောင်းနိုင်သည့်အပြင် မြို့ထဲသို့လည်း ဝင်မရောင်းနိုင်သောကြောင့် သီးနှံများ ထွက်နေ သော်လည်း ပုပ်သိုးကုန်ကြရာ လယ်သမားများမှာ ဆုံးရှုံးမှုများ ကြုံတွေ့ကြရသည်။ တောင်သူများနှင့် ငါးဖမ်းသူ တံငါများ သည် ၆ ပေအကွာတွင် နေကြရမည်ဟူသော ရောဂါကာကွယ် ရေးစည်းကမ်းများကို လိုက်နာပြီး လုပ်ငန်းဆောင်ရွက်နေကြ လျှင်ပင် သူတို့အဖို့ အလုပ်မဖြစ်ကြပါ။ အဘယ်ကြောင့် ဆိုသော် ပိတ်ဆို့တားဆီးသော အရေးပေါ် ညွှန်ကြားချက် အချို့မှာ အစားအသောက် ထုတ်လုပ်သော နယ်ဘက်မှ လုပ်ငန်းခွင်များ အတွက် မတော်မလျော်ဖြစ်နေသည်။ အကယ်၍ ထိုစည်းမျဉ်း စည်းကမ်းများကို အခြေအနေနှင့် ဆီလျော်အောင် ပြင်ဆင်ပေး နိုင်လျှင် ထိုတောင်သူများနှင့် တံငါများ၏ စုပေါင်းကူညီ အားဖြည့် နိုင်စွမ်းကို နိုင်ငံက ရနိုင်ပါသည်။ အကယ်၍ ၎င်းတို့ လည်း ဘေးကင်းလုံခြုံစေမည့် စည်းကမ်းများဖြင့် အလုပ်ဆက် လုပ်နိုင်လျှင် လက်ရှိမြို့ကြီးများတွင် ဖြစ်ပေါ်နေသော စားနပ် ရိက္ခာကွင်းဆက် ပြတ်တောက်သည့် အခြေအနေများကို သိသိ သာသာ ကုစားနိုင်ပါလိမ့်မည်။

အကယ်၍ စားနပ်ရိက္ခာ ပြတ်လပ်မှုကြုံခဲ့လျှင်လည်း ငတ်မွတ်မှုကို မရှောင်နိုင်ဘဲ ခံစားရသူများတွင် ကျေးလက် ဆင်းရဲသားများနှင့် နွမ်းပါးသော တောင်သူများကို ပထမဆုံး ထိခိုက်မည်ဖြစ်ပြီး သင့်လျော်သော အစီအမံသာရှိလျှင် နောက်ထပ်ဖြစ်လာနိုင်သော စားနပ်ရိက္ခာပြတ်လပ် ခြင်း အန္တရာယ်များကိုလည်း တားဆီးလျှော့ချနိုင်ကြပါမည်။

## ကမ္ဘာ့စားနပ်ရိက္ခာကွင်းဆက် မော်ဒယ်မှသည် စားနပ်ရိက္ခာအုပ်စိုးစီမံနိုင်မှုဆီသို့

အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်းပင် စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ဂလိုဘယ် လိုက်ဖေးရှင်းဖြစ်စဉ်ထဲမှ ပြန်လည် ဆွဲထုတ်ရန် ခိုင်လုံသော ကျိုးကြောင်းဆင်ခြင်မှုများ ရှိနေပြီး မိမိတို့ ဘာသာ ဖူလုံရေး၊ ပြင်ပကို မမှီခိုရစေရေး တို့ဆီသို့ ဦးတည်ကြရမည်ဖြစ်ပါသည်။ သို့ရာတွင် စားနပ်ရိက္ခာကို မိမိသာဘာ လုံလောက်အောင် စီမံနိုင်အောင် ကြိုးပမ်းရာတွင် ရပ်ရွာကို စောင့်ရှောက်နိုင်ရေး၊ လူမှုဘဝ သဟဇာတရှိရေးနှင့် ဒီမိုကရေစီ အရေး များအတွက် တန်ဖိုးနှင့် လုပ်ရပ်များပါ ပါဝင်နေမှသာ ပို၍ အဓိပ္ပာယ်ပြည့်ဝပါလိမ့်မည်။

၂၀၀၇-၂၀၀၈ စားနပ်ရိက္ခာ အကျပ်အတည်းအပြီးတွင် မလျှောက်ဖြစ်ခဲ့ကြသော လမ်းမှာ ထိုလမ်းမျိုးဖြစ်ပြီး နိုင်ငံဖြတ် ကျော် စားနပ်ရိက္ခာကုမ္ပဏီကြီးများ၏ အကျိုးစီးပွားနှင့် အယူအဆများက ၎င်းတို့ရောက်နေသော နေရာတွင် တည်မြဲ အောင်၊ လုပ်ပိုင်ခွင့် တိုးလာအောင်သာ ထပ်မံဆောင် ရွက်နိုင်ခဲ့ ကြသည်။ သို့သော် တောင်သူလယ်သမားများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများသည် ၂၀၀၈ အကျပ်အတည်း မတိုင်မီ ကလေးကပင် မာလီနိုင်ငံ နီယဲလယ်နီးမြို့တွင် ၂၀၀၇ ခုနှစ်က တွေ့ဆုံခဲ့ကြပြီး လက်ရှိစနစ်ကြီးနှင့် ကွာခြားသော လမ်း၊ ကွဲပြားသော ပန်းတိုင်တို့ရှိသည့် လမ်းစဉ်တစ်ရပ်ကို စဉ်းစား ခဲ့ကြရာ စားနပ်ရိက္ခာ အုပ်စိုးစီမံမှုဟူသော အယူအဆမှာ ပို၍ အသက်ဝင်လာခဲ့သည်။

နီယဲလယ်နီကြေညာချက်သည် ကမ္ဘာပေါ်တွင်စားသုံး နေကြသော စားနပ်ရိက္ခာများ၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လုပ် သော သူများအား ကိုယ်စားပြုပြီး ထိုသူတို့၏ အကျိုး စီးပွားများကို လျစ်လျူရှုမခံရစေရေးနှင့် တောင်သူတို့၏ လမ်းစဉ် သို့မဟုတ် “Via Campesina” ဟူသော လှုပ်ရှားမှုက တဆင့် စားနပ်ရိက္ခာအုပ်စိုးစီမံမှုကို ဦးဆောင်လှုံ့ဆော်မည်ဟု ကြေညာခဲ့ကြသည်။ ကမ္ဘာကြီးအတွက် အသင့်တော်ဆုံးနည်း လမ်းတစ်ခုဖြစ်သည့် “စားနပ်ရိက္ခာအုပ်စိုးစီမံမှု” ကို ရရှိရန် တိုက်ပွဲဝင်ကြမည်ဟု ထိုအစည်းဝေးသို့ တက်ရောက်လာကြ

သူများက ကြေညာခဲ့သည်။ "လူတိုင်း၊ နိုင်ငံတိုင်း၊ အစိုးရတိုင်းသည် မိမိတို့ စားနပ်ရိက္ခာ ထုတ်လုပ်ရေးစနစ်၊ စားနပ် ရိက္ခာမူဝါဒနှင့် ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိရ မည်ဖြစ်ပြီး လူတိုင်း လူတိုင်းအတွက် အရည်အသွေးကောင်းသော၊ လုံလောက်သော၊ လက်လှမ်းမီသော၊ ကျန်းမာရေးနှင့် ညီညွတ်သော၊ ယဉ်ကျေးမှုဓလေ့ ထုံးစံတို့နှင့် သဟဇာတဖြစ်သော အစားအသောက်များ ရရှိနေရမည်ဖြစ်သည်။

အောက်တွင်ဖော်ပြထားသော အခြေခံမူများသည် စားနပ် ရိက္ခာအုပ်စိုးစီမံမှုဆိုင်ရာ စာအုပ်စာတမ်းများ ရေးသားပြုစုခဲ့ကြသူများ၊ ထိုအရေးတွင် ပါဝင်လှုပ်ရှားခဲ့ကြ သူများက ဖော်ထုတ် ခဲ့ကြသည်များကို ကောက်နုတ်ထားခြင်းဖြစ်ပါသည်။ စားနပ်ရိက္ခာအုပ်စိုးစီမံမှု အယူအဆ၏ အခြေခံအုတ်မြစ်များ အဖြစ် မှတ်ယူနိုင်ပါသည်။

၁။ နိုင်ငံတစ်ခုသည် စားနပ်ရိက္ခာအတွက် ပြည်ပကို မမှီခိုရအောင် ကြံဆောင်သင့်သည်။ သို့ဖြစ်ရာ နိုင်ငံ၏ လယ်သမားတို့သည် နိုင်ငံက စားသုံးနေသည့် ရိက္ခာအများစုကို ပြည်တွင်း၌သာ ထုတ်လုပ်နိုင်သင့်သည်။ ထိုသို့ ဆောင်ရွက်ခြင်းမှာ ကော်ပိုရိတ်များက ဟောလေ့ရှိသော စားနပ်ရိက္ခာဖူလုံရေးတရား (Food Security) နှင့် လွဲကောင်း လွဲနေပါလိမ့်မည်။ ထိုတရားက တိုင်းပြည်တွင် လိုအပ်လာခဲ့လျှင် အပြင်မှ ဝယ်ယူတင်သွင်းခြင်းကို အားပေးပါသည်။

၂။ အစားအသောက်များထုတ်လုပ်မှုနှင့် စားသုံးမှုဆိုင်ရာ ပုံစံများနှင့်ပတ်သက်၍ ပြည်သူများထံတွင် မိမိတို့ဘာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသင့်ပါသည်။ ကျေးလက်လူထုဘဝနှင့် သီးနှံမျိုးကွဲမျိုးစုံစားသုံးနိုင်မှုကို အလေးထားစဉ်းစားကာ ပြည်တွင်းစားသုံးမှု၊ ထုတ်လုပ်မှုက စည်းကမ်းမရှိ လည်ပတ်နေသော နိုင်ငံတကာကုန်သွယ်ရေး၏ အလိုကိုလိုက်ပြီး တစ်ဆင့်နိမ့်သော လက်ဝေခံအဖြစ်ကို မရောက်သင့်ပါ။

၃။ နိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် စားသုံးမှုမူဝါဒများသည် တောင်သူများနှင့် စားသုံးသူများအတွက် ကောင်းကျိုးကို အစစ်အမှန်ဆောင်ကြဉ်းပေးနိုင်ရန်ဖြစ်သင့်ပြီး နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းကြီးများ၏ အမြတ်အစွန်းအတွက် မဖြစ်သင့်ပါ။

၄။ စားနပ်ရိက္ခာထုတ်လုပ်မှုကို နိုင်ငံဖြတ်ကျော်ကော်ပိုရေးရှင်းများက ပြည်တွင်းလုပ်ငန်း အငယ်များကို လက်ဝေခံသဖွယ်ထားပြီး ၎င်းတို့၏ အမြတ်အစွန်း ပိုထွက်လာစေရေးကို ဦးတည်သည့် ကမ္ဘာ့စားနပ်ရိက္ခာ ကွင်းဆက်ထဲ ကျုံ့ဝင်နေခြင်းကို ပြန်လည်ဖြတ်တောက်ကုစားရပါမည်။

၅။ စားနပ်ရိက္ခာ အုပ်စိုးစီမံမှုဟုဆိုလျှင် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများက မိမိဒေသအတွက် မိမိရောင်းချကြသည့် ပုံစံဖြစ်ရာ တစ်နေရာမှ တစ်နေရာ ဖြတ်ကျော်ရခြင်းကြောင့် ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျော့ကျသွားစေမည်ဖြစ်သည်။ တစ်ကမ္ဘာလုံး ဆက်စပ်ထားသော စားနပ်ရိက္ခာကွင်းဆက်တွင် ဝင်ရောက်လည်ပတ်ရခြင်းက ကာဗွန်ထုတ်လွှတ်မှုမှာ ပိုမိုမြင့်မားစေနိုင်သည်။

၆။ နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒများကို ဆုံးဖြတ်သောအခါ ဒီမိုကရေစီနည်းအားဖြင့် ဆုံးဖြတ်ကြရမည်ဖြစ်ပြီး ထိုအဆုံးအဖြတ်များတွင် တောင်သူလယ်သမားတို့၏ အမြင်သဘာထားများပါဝင်သင့်သည်။

၇။ ပြည်တွင်းရိက္ခာစနစ်သည် ကျန်းမာရေးနှင့်ညီညွတ်သော၊ အရည်အသွေးကောင်းသော၊ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်သော စားနပ်ရိက္ခာ များကို ပြည်တွင်းဈေးကွက်အတွက် ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများ သတ်မှတ်ချက်များကြောင့် အထက်ပါ အရည်အသွေးနှင့်မညီတော့သော အစားအသောက်များ၊ အမှိုက်စာများကို ရှောင်ရှားနိုင်ကြရပါမည်။

၈။ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကြား၊ မြို့ပြနှင့် ကျေးလက်အကြား မျှခြေများကို ပြန်ညှိရန် လိုအပ်ပါသည်။ ကျေးလက်နှင့် စိုက်ပျိုးရေး လုပ်ငန်းများသည် မြို့ပြအီလစ်များနှင့် စက်မှုလုပ်ငန်းများ၏ လက်အောက်ခံ သာဖြစ်သည်ဟူသော အယူအဆကို ပြောင်းပြန် ပြန်လှန်ကြရပါမည်။ အဘယ်ကြောင့်ဆိုသော် အယူအဆ အဟောင်းက ထုတ်ပေးခဲ့သောရလဒ်မှာ ညှိုးနွမ်းခြောက်သွေ့သွားသောကျေးလက်နှင့် ကျေးလက်မှ ဒုက္ခသည်များ စုပြုံ ရောက်ရှိလာသောကြောင့် အဆမတန်တိုးချဲ့လာရသော မြို့ပြကျူးကျော်ရပ်ကွက်များသာဖြစ်သည်။

၉။ မြို့ပြအသေးစား စိုက်ခင်းများသည် တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင် လူသန်း ၈၀၀ လောက်ကို ကျွေးမွေးထားနိုင်သည်။ ထိုစိုက်ခင်းများသည် အသေးစားကျေးလက် စိုက်ပျိုးရေးလုပ်ငန်းများ၏ အားနှင့်ပေါင်းလျှင် များစွာ အကျိုးရှိနိုင်သည်။ ထိုရပ်ဝန်းနှစ်ခုမှ အင်အားကို ပေါင်းစည်းကာ စိုက်ပျိုးကုန်စည်ရောင်းဝယ် ဖောက်ကားသူ အသေးစားများ၊ လက်လီဆိုင်များပေါ်လာအောင် လမ်းဖွင့်ပေးသင့်သည်။

၁၀။ မြေယာသိမ်းယူမှုများကို ရပ်တန့်ကြရမည်။ မြေပိုင်ရှင်များနှင့် နိုင်ငံဖြတ်ကျော်ကော်ပိုရေးရှင်းကြီးများက မြေကို သိမ်းကျုံးရယူနေမှုများကို ဖြေလျှော့နိုင်အောင်ကြိုးစားကြရမည်ဖြစ်ပြီး မြေယာပိုင်ဆိုင်မှု အချိုးအဆမညီမျှမှုကို ဖြေရှင်းရန် မြေယာပြုပြင် ပြောင်းလဲရေးလုပ်ငန်းများ လိုအပ်သည်။ မြေယာပြုပြင် ပြောင်းလဲရေး လုပ်ငန်းများသည် ရပ်ရွာပိုင်အများဆိုင် ဘုံမြေစနစ်များ တည်ရှိခွင့်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သလို ဂေဟစနစ်ကို ထိန်းသိမ်းနိုင်သည့် စိုက်ပျိုးစီးပွားလုပ်ငန်းများက ဦးဆောင်လမ်းပြ ဆောင်ရွက်နိုင်သော အများပိုင်ပုံစံများကို ခွင့်ပြုပေးသင့်သည်။

၁၁။ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၊ လုပ်ကွက်ငယ် တောင်သူများနှင့် သမဝါယမများ သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းများအနေနှင့်သာ လည်ပတ်သင့်ပြီး နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းကြီးများ၏ အခန်းကဏ္ဍကို ပပျောက် သွားစေသင့်သည်။

၁၂။ စားနပ်ရိက္ခာဖြန့်ဖြူးခြင်းနှင့် စားသုံးခြင်းတွင် စားသုံးသူ အခွင့်အရေးရော ထုတ်လုပ်သူလယ်သမား၏ အခွင့်အရေးရော မနစ်နာစေသည့် သင့်တော်သော ဈေးနှုန်းထားရှိသည့်စနစ်ဖြင့် လည်ပတ်သင့်ပါသည်။ ဥပမာ- ထောက်ပံ့ကြေးများစွာရသဖြင့် ဈေးနိမ့်နိမ့်ဖြင့် ချရောင်းနိုင်သော စိုက်ပျိုးရေးကုန်စည်များကို နိုင်ငံဖြတ်ကျော်ကော်ပိုရေးရှင်းများက နိုင်ငံတစ်ခုခု၏ ဈေးကွက်အတွင်းပုံအော ရောင်းချလာသဖြင့် ပြည်တွင်းမှ ထုတ်လုပ်သူ တောင်သူတို့ ဈေးရသင့်သလောက်မရဘဲ ဘဝပျက်ရခြင်းကဲ့သို့ အဖြစ်မျိုးကို တားဆီးကြရမည်ဖြစ်သည်။ ထို့အတူ ပီတာရောဆက်ဟူသော ပညာရှင်တက်ကြွလှုပ်ရှားသူတစ်ဦးက ဆိုခဲ့သည့်အတိုင်း "နိုင်ငံများသည် အမျိုးသားစားနပ်ရိက္ခာထုတ်လုပ်မှုကို အကာအကွယ်ပေးခြင်းဆီသို့ ပြန်သွားကြရမည်။ နိုင်ငံ၏ရိက္ခာထုတ်နိုင်စွမ်း သန်စွမ်းစေမည့် မျိုးစေ့အရံအင်အားထားရှိခြင်း၊ အစိုးရဘတ်ဂျက်ဖယ်ထားခြင်း၊ ကြမ်းခင်းဈေး သတ်မှတ်ပေးခြင်း၊ ငွေချေးပေးခြင်းနှင့် အခြားလိုအပ်သော အကူအညီများကို ပေးကြရပါမည်။

၁၃။ မျိုးဗီဇအင်ဂျင်နီယာနည်းများသုံးခြင်းနှင့် အစိမ်းရောင် တော်လှန်ရေးက ချန်ခဲ့သော ဓါတုမြေသြဇာ အစွမ်းကုန် သုံးပြီး အထွက်နှုန်းမြင့် စိုက်ပျိုးခြင်းကိုခြေပြုသော စက်မှုစိုက်ပျိုးလုပ်ငန်းများကို အားမပေးသင့်ပါ။ မျိုးဗီဇပြောင်းလဲခြင်းအားဖြင့် ကော်ပိုရိတ်တို့ အာဂျင်ဒါအတိုင်း မျိုးစေ့ဈေးကွက်ကို လက်ဝါးကြီးအုပ်နိုင်သည့် မျိုးစေ့များ ပေါ်ထွက်လာနိုင်ပြီး စိုက်ပျိုးစက်မှု လုပ်ငန်းများသည် ရေမြေသဘာဝနှင့် လူသားတို့၏ တာရှည်ခံဖွံ့ဖြိုးရေးကို ဆန့်ကျင်နေပါသည်။

၁၄။ အအစဉ်အလာ တောင်သူလယ်လုပ်နည်းများနှင့် ဌာနေတိုင်းရင်းသား စိုက်ပျိုးနည်းစနစ်များတွင် ရေရှည်တည်တံ့ရန် အမြော်အမြင် ဉာဏ်များစွာ ပါဝင်နေပါသည်။ လူသားနှင့် ဇီဝပဒေသာ အဝန်းအဝိုင်းများကြားတွင် သင့်တင့်သော မျှခြေတစ်ရပ် ပြန်လည်ထွက်ပေါ်လာရန် ထိုဉာဏ်ပညာများက ကူညီပါလိမ့်မည်။ လူသားတို့ဘဝ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စိုက်ပျိုးရေးနည်းပညာများကို ဖော်ထုတ်ရာတွင် အစဉ်အလာသုံးခဲ့သော နည်းလမ်းများကို အသုံးမကျ ခေတ်မမီဟူ၍ မပစ်ပယ်သင့်ဘဲ ပင်မလမ်းစများအဖြစ် အားကိုးသင့်ကြသည်။

၁၅။ စားနပ်ရိက္ခာအုပ်စိုးစီမံမှုအတွက် အကောင်းဆုံးနည်းမှာ စိုက်ပျိုးရေးဂေဟစနစ်ကို မထိခိုက်စေခြင်းပင် ဖြစ်သည်။ ပြင်ပမှ သွင်းအားစုများထက်စာလျှင် အော်ဂဲနစ်မြေဆီလွှာဒြပ်ပေါင်းများကို မြှင့်တင်လျှက် မြေဆီလွှာ၏ ဇီဝလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး အားပေးရန်၊ အပင်မျိုးများ ပဒေသာစုံရှင်သန်လာနိုင်ရန်နှင့် ကာလ ဒေသအလိုက်တည်ရှိသော စိုက်ပျိုးဇီဝစနစ်များထဲမှ အပင်မျိုးဗီဇအရင်းအမြစ်များ ကြွယ်ဝမှုကို တိုးတက်လာစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ယှဉ်တွဲလုပ်ကိုင်နိုင်ရန်နှင့် အပင်မျိုးတစ်ခုခုကိုအထူးရွေး၍ သန်စွမ်းပြည့်ဝ စေခြင်းမျိုးထက်စာလျှင် စိုက်ပျိုးစနစ်တစ်ခုလုံး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အားပြုရပ်တည်မှုများအားဖြင့် ကုန်ထုတ်နိုင်စွမ်း မြင့်လာရန်လိုပါသည်။

ဂျွန်ဘိုးရာစ်နှင့် အဖွဲ့က ထောက်ပြသကဲ့သို့ပင် စားနပ်ရိက္ခာအုပ်စိုးစီမံမှု အယူအဆနှင့် ပတ်သက်၍ စီးပွားရေး၊ နိုင်ငံရေးနှင့် နည်းပညာအပိုင်းများတွင် အဖြေမတွေ့သေးသည့် ပြဿနာများ ရှိနေသေးသည်ဆိုသည်မှာ မှန်ပါသည်။ တစ်နည်းအားဖြင့်လည်း စားနပ်ရိက္ခာအုပ်စိုးစီမံမှု အယူအဆကို ထောက်ခံသူတို့ထဲတွင်လည်း တစ်ကျောင်းတစ်ဂါထာ ဆိုသကဲ့သို့ အယူအဆရေးရာတွင် ကွဲပြားသော အဖြေများပေးနေကြခြင်း၊ တစ်ခါတစ်ရံ ထိုအဖြေများမှာ အချင်းချင်း ဝိရောဓိဖြစ်နေခြင်းတို့ကဲ့သို့ အယူအမြင်ရေးရာများ ဆက်လက် စဉ်းစားရန် ရှိနေသေးသည် ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် အယူအမြင်သစ်တစ်ခုသည် မွေးကတည်းက (စတင်ဖော်ထုတ် ချိန်မှအစ) တိကျပြည့်စုံရန်မှာ မဖြစ်နိုင်ပါ။ သူ့ကို အရှိန်ရအောင် လုပ်ပေးနေကြသည်များမှာ အယူအမြင်ဟောင်းများက မွေးထုတ်လိုက်သော ပြန်လည်ပြုပြင်၍ပင် မရလောက်သည့် အပျက်အစီး အကျပ်အတည်းများ ဖြစ်ကြသည်။ စနစ်ဟောင်းကိုဖြို၍ စနစ်သစ်ကို လိုလားကြသော ပြည်သူအများစုပါဝင်ကာ ညီညွတ်စွာ သန္နိဋ္ဌာန်ချမှ သာလျှင် လူသားတို့ မြတ်နိုးခဲ့ကြသော တန်ဖိုးများ ပြန်လည် ပြည့်စွမ်းလာနိုင်သည့် အခြေအနေသစ်ကို တွေ့မြင်နိုင်ကြပါမည်။ လူမှုဆက်ဆံရေး ပုံစံသစ်တစ်ခုကို တည်ဆောက်ရသည့် သဘောပင်ဖြစ်ပြီး တကယ်ကျင့်သုံးကြည့်မှသာလျှင် အဖြေမရသေးသော ပုစ္ဆာများအတွက် အဖြေထွက်လာပြီး ဝိရောဓိဖြစ်နေသော အချက်များကိုလည်း ကျေလည်အောင် ရှင်းလင်းနိုင်ကြမည်ဖြစ်သည်။ လက်တွေ့ကျင့်သုံးခြင်းကသာလျှင် ဖြစ်နိုင်ခြေများ တွေ့နိုင်သည့်သော့ချက် ဖြစ်ပေသည်။

စားနပ်ရိက္ခာအုပ်စိုးစီမံမှု အယူအဆသည် အောက်ပါ နိဂုံးတွင် တင်ပြထားသည့်အတိုင်း လွန်ခဲ့သော ဆယ်စုနှစ်များ အတွင်း အရင်းရှင်စီးပွားရေး စနစ်ကြောင့် တစ်ခုပြီးတစ်ခုပေါ် လာသော အကျပ်အတည်းများ တုံ့ပြန်ရန် ပေါ်ထွက်လာသော နည်းလမ်းအသွယ်သွယ်ထဲမှ တစ်ခုဖြစ်ပါသည်။

"Green New Deal" "မြစိမ်းရောင်စီမံကိန်းသစ်" ပေါ် ထွက်လာသကဲ့သို့ပင် မူသစ် (Alternative) များဘက်တွင် လည်း ဂလိုဘယ်လိုက်ဇေး ရှင်းကို ငြင်းပယ်ခြင်း၊ ကြီးထွားမှုကို ကန့်သတ်ခြင်း (Degrowth)၊ ဂေဟအမြင်နှင့်မဝါဒီ (Ecofeminism)၊ လွတ်လပ်သော လက်တွေ့အသုံးချ မတ်စ်ခ်ဝါဒ (Emancipatory Marxism), မိခင်ကမ္ဘာမြေကို လေးမြတ်ရေးဝါဒ (Buen Vivir or Living Well) အစရှိသော အယူအမြင်များ လည်း ရှိနေကြပါသည်။

ထိုအယူအမြင်အသီးသီးက လူတစ်ဦးနှင့်တစ်ဦးကြား ဆက်ဆံရေး၊ လူနှင့်ပတ်ဝန်းကျင်ဆက်ဆံရေး မျက်နှာစာ အမျိုးမျိုးကို ဆက်စပ်စဉ်းစားကြရာ အမည်အားဖြင့် ကွဲပြား သော်လည်း တူညီသည့် ရှုထောင့်များကိုလည်း အံ့သြစရာ တွေ့မြင်နိုင်ပါသည်။


ကားလ်ပိုလေညီးဟုခေါ်သော ဟန်ဂေရီ အတွေးအခေါ် ပညာရှင်တစ်ယောက်ကို ကိုးကားရလျှင် လူ့အဖွဲ့အစည်း အကျိုးကိုမဆောင်သော ဈေးကွက်နှင့် အရင်းရှင်စီးပွားရေးက မောင်းနှင်နေသော လူ့အဖွဲ့အစည်း အတွင်း သက်သာစရာရနိုင် မည့် အခြေအနေများကို ဖန်တီးကြသည့် နေရာတွင် ထိုအယူ အမြင်အားလုံး တူညီကြပါသည်။ ဈေးကွက်သည် အမြတ် အတွက်ချည်းသာ မဟုတ်ဘဲ လူသားတို့နှင့်အတူ ရပ်ကာ လူ့အဖွဲ့ အစည်းထဲသို့ ပြန်လည် ပေါင်းစည်း နိုင်ရပါမည်။

ထိုနည်းလမ်းအသွယ်သွယ်မှ ထိုးသွင်းသိမြင်မှုများ ကိုပေါင်းစပ်ကာ ဆင်ခြင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုထဲ ထည့်ပြီး လူအများစုထံသို့ ရောက်ရှိစေကာ အတူတကွ လွတ်မြောက်ရေးအတွက် အာသီသ အထူးပြင်းပြလာအောင် လုပ်ရမည့်အရေးသည် ကျွန်ုပ်တို့ခေတ်၏ စိန်ခေါ်မှုကြီးပင် ဖြစ်သည်။

## နိဂုံး

ကိုဗစ် ၁၉ ကပ်ဘေးသည် စားနပ်ရိက္ခာ လည်ပတ်နေ သောစနစ်နှင့် များစွာချိတ်ဆက်နေသည်။ ကပ်ဘေး စတင် သန္ဓေတည်လာပုံ၊ ကပ်ဘေးကြောင့် ဖြစ်လာသော အကျိုးဆက် နှင့် ပေးလာသော သင်ခန်းစာများက ကမ္ဘာ့စားနပ်ရိက္ခာ စနစ်ကြီး ပြန်လည်ဖွဲ့စည်းရန် လိုပြီဖြစ်ကြောင်း သင်ခန်းစာပေး နေသည်။ ကော်ပိုရိတ်ကြီးစိုးသော ကမ္ဘာ့စားနပ်ရိက္ခာစနစ် ကြီး၏ ထိလွယ်ရှလွယ်ဖြစ်ပုံနှင့် ယခုအတိုင်းဆက်သွားလျှင် ပြဿနာအတွက် အဖြေမရှိနိုင်ပုံများကို ကပ်ဘေးက ပြသခဲ့ပေ သည်။ လောလောဆယ် ကိုဗစ်ကာလတွင် အငတ်ဘေးနှင့် အာဟာရချို့တဲ့မှု မဖြစ်စေရန် စားနပ်ရိက္ခာလမ်းကြောင်းများ လည်ပတ်ပုံကို အနှောက်အယှက် မဖြစ်စေအောင် ဆောင်ရွက် ရန်လိုအပ်သော်လည်း ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်ကြီး ကို ရေရှည်အတွက် မဟာဗျူဟာကျကျပြုပြင်ရန် လိုအပ်နေပြီ ဖြစ်ကြောင်း၊ ရပ်ရွာနိုင်ငံတို့သည် ရိက္ခာအတွက် ပြင်ပကို မမှီခိုဘဲ ရပ်တည် နိုင်ရေးမှုနှင့် စားနပ်ရိက္ခာ အုပ်စိုးစီမံမှုများသို့ ဦးတည်သင့်ကြောင်း ဤစာတမ်းက တိုက်တွန်းလိုပေသည်။ ထို့ပြင် တိုးတက်သော အယူအဆများအားဖြင့် ပြုပြင်ပြောင်းလဲ မှုဖြစ်စဉ်ကို အကောင်အထည်ဖော်မှသာ ကမ္ဘာ့အရင်းရှင်စနစ် ကြောင့်ဖြစ်လာရသော မညီမျှမှု၊ ပဋိပက္ခများရှိနေမှု၊ ဖွံ့ဖြိုးမှု များကွာဟမှုနှင့် ဂေဟစနစ် ယိုယွင်းလာမှုတို့ကို ကုစားနိုင်ပေ မည်။

အကျပ်အတည်းများသည် အဖြေကိုရှာတွေ့ရန် အခွင့်အရေးလည်း ဖြစ်သောကြောင့် ပြုပြင်နိုင်ရန် အရေးကို လက်မလွှတ်သင့်ပေ။ ၂၀၀၇ - ၂၀၀၈ စားနပ်ရိက္ခာ အကျပ် အတည်းသည် ပေါ်လာသော ပြုပြင်ပြောင်းလဲရန် အခွင့်အရေး ကို မဖမ်းဆုပ်နိုင်သောကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှု နှင့် စားသုံးမှုပုံစံများအား ကမ္ဘာကြီး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စနစ်တစ်ခုအဖြစ်သို့ ကူးပြောင်းရေး လမ်းကြောင်းပေါ် မတင်နိုင်ခဲ့ကြပါ။ ကိုဗစ် ၁၉ တွင်လည်း နောက်တစ်ကြိမ် အခွင့်အရေးမဆုံးရှုံးသင့်တော့ပါ။



# Endnotes


1 Quoted in Abram Brown, "The Private Goldman Sachs Coronavirus Meeting That's Setting the Internet on Fire," *Forbes*, March 16, 2020, https://www.forbes.com/sites/abrambrown/2020/03/16/the-private-goldman-sachs-coronavirus-meeting-thats-setting-the-internet-on-fire/#3eee866650dd. Accessed April 21, 2020.

2 See, for instance, J. David Goodman, "I Don't Think that the New York We Left Will be Back for Some Years," *New York Times*, April 20, 2020, https://www.nytimes.com/2020/04/20/nyregion/new-york-economy-coronavirus.html?campaign_id=2&emc=edit_th_200421&instance_id=17811&nl=todaysheadlines&regi_id=57179294&segment_id=25624&user_id=21b9dc9f8b3be4c61a76c87570eb5190. Accessed April 20, 2020.

3 See, among others, Daniel Aldana and Daniel Kammen, "Climate Crisis Will Deepen the Pandemic, A Green Stimulus Plan Can Tackle Both," *Guardian*, April 20, 2020, https://www.theguardian.com/commentisfree/2020/apr/20/climate-crisis-will-deepen-the-pandemic-a-green-stimulus-plan-can-tackle-both. Accessed April 21, 2020.

4 Laban ng Masa, "A Socialist Manifesto for a Post-Covid-19 Philippines,"April 22, 2020. https://www.facebook.com/notes/laban-ng-masa/a-socialist-manifesto-for-a-post-covid-19-philippines/1136252453402561/. Accessed April 21, 2020.

5 See Transnational Institute, "The Coming Global Recession: Building an Internationalist Response," April 8, 2020, https://www.youtube.com/watch?v=LiP5qJhHsjw&fbclid=IwAR0MvY_FnBS0jn1qfJMWwVsxbO_dXgDxf9Wp3nd5egcnmev2ug1k-X5JJWk. Accessed April 8, 2020. See also Jayati Ghosh, "The Pandemic and the Global Economy," *Dissent*, April 20, 2020, https://www.dissentmagazine.org/online_articles/the-pandemic-and-the-global-economy?fbclid=IwAR17vx9apiUv2Lf0XgRBK7jaV2R8Pnc0oWBs8eCo9wPuPW6rKwGdkkhc4Ks. Accessed April 21, 2020.

6 World Trade Organization, World Health Organization, and Food and Agricultural Organization, Joint statement, March 31, 2020, reproduced in *The Maritime Executive*, March 31, 2020, https://www.maritime-executive.com/article/wto-who-and-fao-call-for-action-on-food-trade

7 "COVID-19: The global food supply chain is holding up, for now," https://news.un.org/en/story/2020/04/1061032

8 Qu Dong Yu, "Don't Let Covid-19 be a Hunger Game," *Euractiv*, March 31, 2020, https://www.euractiv.com/section/agriculture-food/opinion/dont-let-covid-19-become-a-hunger-game/

9 See Mara Baviera and Walden Bello, "Food Wars," *Monthly Review*, Vol 64, No 3 (July-August 2012), (https://monthlyreview.org/author/marabaviera/. Accessed April 13, 2020.

10 Jean Shaoul, "UN Warns that COVID-19 Pandemic Could Trigger Global Food Shortage," March 30, 2020, https://www.wsws.org/en/articles/2020/03/30/unit-m30.html. Accessed April 5, 2020.

11 Michael Corkeryand David Yaffe-Bellany, "US Food Supply Chain is Strained as Virus Spreads," *New York Times*, April 13, 2020, https://www.nytimes.com/2020/04/13/business/coronavirus-food-supply.html. Accessed April 15, 2020.

12 *Ibid*.

13 Maximo Torero Cullen, 2020, "COVID-19 and the risk to food supply chains: How to respond?", FAO: Rome, 29 March 2020 http://www.fao.org/family-farming/detail/en/c/1268820/

14 Harriet Friedmann, quoted in Mara Baviera and Walden Bello.

15 Felippa Ann Amanta, "Preventing Global Food Crises Caused by Covid-19," *Jakarta Post*, April 4, 2020, https://www.thejakartapost.com/academia/2020/04/04/preventing-global-food-crisis-caused-by-covid-19.html. Accessed April 7, 2020.

16 Jean Shaoul, *ibid*.

17 Thomas Reardon, Marc Bellemaire, and David Zilberman, "How Covid-19 May Disrupt Food Supply Chains in Developing Countries," International Food Policy Research Institute, https://www.ifpri.org/blog/how-covid-19-may-disrupt-food-supply-chains-developing-countries. Accessed April 7, 2020.

18 Dolan, C. & Humphrey, J. 2000. Governance and trade in fresh vegetables: the impact of UK supermarkets on the African horticulture industry. *Journal of Development Studies*, 37(2): 147; Reardon, T., Barrett, C.B., Berdegué, J.A. & Swinnen, J. 2009. Agrifood industry transformation and farmers in developing countries. World *Development*, 37(11): 1717–1727.

19 Maertens, M., Colen, L. & Swinnen, J. 2011. Globalization and poverty in Senegal: a worst case scenario? *European Review of Agricultural Economics*, 38 (1): 31–54; Reardon, T., Barrett, C.B., Berdegué, J.A. & Swinnen, J. 2009. Agrifood industry transformation and farmers in developing countries. *World Development*, 37(11): 1717–1727.

20 Shenggen Fan, Joanna Brzeska, Michiel Keyzer, and Alex Halsema, *From Subsistence to Profit: Transforming Smallholder Farms* (Washington, DC: IFPRI, 2013), p. 7.

21 Fan et al., p. 10.

22 *Agricultural Development Strategy and Investment Plan* (ADS), Draft 4, Gov't of Myanmar, Asian Development Bank, Food and Agricultural Organization, and Livelihood and Food Security Trust Fund, Nay Pyi Taw, Sept 4, 2017,p. 70

23 *Ibid.*

24 *Ibid.*

25 *Ibid.*, p. 71.

26 Transnational Institute (TNI), "General comments on the Agricultural Development Strategy and Investment Plan of the Government of Myanmar, Draft-3," December 2016.

27 ADS, p. 74.

28 Jennifer Clapp, "Viewpoint: Food Self Sufficiency: Making Sense of It, and When It Makes Sense," *Food Policy*, Vol 66 (Jan 2017), https://www.academia.edu/30775341/Food_self-sufficiency_Making_sense_of_it_and_when_it_makes_sense. Accessed April 12, 2020.

29 *Ibid.*

30 *Ibid.*

31 *Ibid.*

32 *Ibid.*

33 *Ibid.*

34 Via Campesina, Video on Coronavirus Pandemic, 68764098-4464-4D91201658, April 2020.

35 "Nyéléni Declaration on Food Sovereignty 27 February 2007, Nyéléni Village, Sélingué, Mali," The Journal of Peasant Studies , Vol 36, No 9 (2009), https://www.tandfonline.com/doi/full/10.1080/03066150903143079?src=recsys. Accessed April 13, 2020.

36 Among key writings on food sovereignty are Saturnino Borras, Jr., Alberto Alonso-Fradejas, Todd Holmes, Eric Holt Gimenez, and Martha Jane Robbins, "Food sovereignty: convergence and contradictions, conditions and challenges," *Third World Quarterly*, Vol 36, No 3 (2015), https://www.tandfonline.com/doi/full/10.1080/01436597.2015.1023567?src=recsys. Accessed April 12, 2020; Saturnino Borras, Jr., Marc Edelman, Tony Weis, Amita Baviskar, Eric Holt-Gimenez, Deniz Kandiyoti, and Wendy, Wolford, "Introduction: Critical Perspectives on Food Sovereignty," Journal of Peasant Studies, Vol 41, No 6 (2014), https://www.tandfonline.com/doi/full/10.1080/03066150.2014.963568?src=recsys. Accessed April 13, 2020; Saturnino Borras, Jennifer Franco, and Sofia Monsalve Suarez, "Land and Food Sovereignty," *Third World Quarterly*, Vol 36, No 3 (2015), https://www.tandfonline.com/doi/full/10.1080/01436597.2015.1029225?src=recsys. Accessed April 12, 2020; and A. Haroon Akram Lodi, "Accelerating towards Food Sovereignty, *Third World Quarterly*, Vol 36, No 3 (2015), https://www.tandfonline.com/doi/full/10.1080/01436597.2015.1002989?src=recsys. Accessed April 12, 2020.

37 Via Campesina, "Food Sovereignty and International Trade," Position paper approved at the Third International Conference of Via Campesina, Bangalore, India, Oct 3-6, 2000. Cited in Annette Desmarais, *La Via Campesina: Globalization and the Power of Peasants* (London: Pluto Press, 2007), p. 34.

38 Saturnino Borras, Jr., Marc Edelman, Tony Weis *et al*.

39 Peter Rosset, quoted in Philip McMichael, "Food Sovereignty in Movement: The Challenge to Neoliberal Globalization," draft, Cornell University, 2008.

40 Miguel Altieri and V. M. Toledo, The agroecological revolution in Latin America: Rescuing nature, ensuring food sovereignty and empowering peasants," *Journal of Peasant Studies* Vol 38, No. 3 (2011), https://www.tandfonline.com/doi/abs/10.1080/03066150.2011.582947. Accessed April 12, 2020.

41 Saturnino Borras, Jr., Marc Edelman, Tony Weis, *et al*..

42 For some key works promoting these paradigms, see Ashish Kothari, Federico Demaria, and Alberto Acosta, "Buen Vivir, Degrowth, and Ecological Swaraj: Alternatives to Sustainable Development and the Green Economy," *Development*, Vol 57, Nos 3-4 (2014); Tim Jackson, *Prosperity without Growth? The Transition to a Sustainable Economy* (UK: Sustainable Development Commission, 2009); Miriam Lang and Dunia Mokrani, eds., *Beyond Development: Alternative Visions from Latin America* (Quito and Amsterdam: Rosa Luxemburg Foundation and Transnational Institute, 2013); Pablo Solon, Christophe Aguiton, et al., *Systemic Alternatives* (Bangkok: Focus on the Global South, 2017), Paul Mason, *Post Capitalism: A Guide to the Future* (London: Penguin, 2016); and Walden Bello, *Deglobalization: Ideas for a New World Economy* (London: Zed, 2005).



ဒို့မြေကွန်ရက် (Land in Our Hands) သည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လုပ်ကွက်ငယ်တောင်သူများ၊ တောင်သူလယ်သမား သမဂ္ဂများ၊ ၎င်းတို့နှင့် လက်တွဲဆောင်ရွက်နေကြသော ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် မိတ်ဖက်အရပ်ဘက်လူ့အဖွဲ့အစည်းများ စုပေါင်းလှုပ်ရှားကြသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း အရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် အမှန်တကယ် ညီမျှပြီး တာရှည်ခံသော ဖွံ့ဖြိုးရေး ပေါ်ထွန်းလာအောင် အားထုတ်ကြရာတွင် လုပ်ကွက်ငယ်တောင်သူများနှင့် ရေလုပ်သား၊ အထူး သဖြင့် အမျိုးသမီးများနှင့် တိုင်းရင်းသားများ၏ ရေမြေပိုင်ဆိုင်ခွင့်ကို အားပေးခြင်း၊ ကာကွယ်ခြင်း၊ လေးစားသမှုရှိခြင်းနှင့် ဖြည့်စွမ်းပေးခြင်းတို့မှာ မရှိမဖြစ် အရေးကြီးလှကြောင်း ဒို့မြေကယုံကြည်ပါသည်။
https://lioh.org/

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး မြန်မာ နိုင်ငံပဋိပက္ခဖြစ်ပွားမှုဒဏ်ကို ခံစားခဲ့ရသော ပြည်သူများ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီ များပေးရေးကို ဆောင်ရွက်သည်။ မေတ္တာ၏ လုပ်ငန်းများမှာ စီးပွားရေးလူမှုရေး ပြုပြင်ပြောင်းလဲမှုများအားဖြင့် မိမိဘာသာ ရပ်တည်နိုင်ပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများပေါ်ပေါက်လာရေးကို ဦးတည်သည်။ ပါဠိဘာသာဖြင့် မေတ္တာဟူသော ချစ်ခင် ကြင်နာခြင်းသဘောကို မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း လုပ်ငန်းများ၏ တွန်းအားအဖြစ် ရည်မှတ်ပါသည်။
http://www.metta-myanmar.org

ပေါင်းကူးသည် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ဘဝတရားမျှတမှုတို့ကို တန်ဖိုးထားကျင့်သုံးပြီး၊ ဖြစ်တည်ရှင်သန်မှုအားလုံး သာတူညီမျှစွာ စည်ပင်တည်တံ့သော ဗဟုလူမှုအသိုက်အဝန်းကို မျှော်ရည်ပါသည်။ ဖိနှိပ်မှု၊ အနိုင်အထက်ပြုမှုနှင့် ခွဲခြားဆက်ဆံမှု များကို နေရာရပ်ဝန်းအသီးသီးမှ တွန်းလှန်လှုပ်ရှားနေကြသူများ၊ လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်ဖူလုံမှုတို့ကို တည်ဆောက်ရန် အားထုတ်နေကြသော မိတ်ဖက်များနှင့် လက်တွဲချိတ်ဆက်၍ ပြည်သူ့အဖွဲ့အစည်းများ၏ အတူတကွပြောင်းလဲရန် ကြံဆောင်မှုတွင် ပေါင်းကူးမှ ပါဝင်ပါသည်။
https://paungkumyanmar.org/

Transnational Institute (TNI) သည် ရေရှည်တည်တံ့ပြီး တရားမျှတ၍ ဒီမိုကရေစီနှင့်အညီကျင့်ကြံသော ကမ္ဘာမြေဖြစ်တည် စေရေးကို ရည်သန်သည့် နိုင်ငံတကာ သုတေသနနှင့် မူဝါဒပြုပြင်ရေးရာ အကြံပေးအဆိုပြုနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်အတွင်း TNI သည် လူထုလှုပ်ရှားမှုများ၊ ပြည်သူ့အရေး ဆောင်သူ ပညာရှင်များနှင့် မူဝါဒရေးရာ ချမှတ်သူများကြားမှ ဆုံချက်တစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။
www.tni.org